
mgyoe.com SAMPLE BOOK



ဆန်းလွင်

# ဖဲသမားများ

FYODOR DOSTOYEVSKY


# The Gambler

designed by tin htoon

mgyoe.com

mgyoe.com

SAMPLE BOOK



ဆန်းလွင်

# ဖဲသမား

FYODOR DOSTOYEVSKY

# The Gambler

mgyoe.com

mgyoe.com

SAMPLE BOOK

ထုတ်ဝေနှစ် ၂၀၂၃၊ အောက်တိုဘာ
[ပထမ အကြိမ်၊ ၁၉၆၈၊ မတ်၊ ပုည စာအုပ်တိုက်]

မျက်နှာဖုံး ပန်းချီ တင်ထွဏ်း
အုပ်ရေ ၅၀၀
တန်ဖိုး ၇၀၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ ဒေါ်ခင်စီ (၀၂၄၈)၊ ပြည့်ဦးဘော ပုံနှိပ်တိုက်
၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ ဦးနေဝင်း (၀၂၆၄၅)၊ ဘ၀တက္ကသိုလ် စာပေ
၁၄၉၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

mgyoe.com

mgyoe.com SAMPLE BOOK

# ဆန်းလှိုင်
# ဖဲသမား

The Gambler

Fyodor Dostoyevsky

mgyoe.com

m g y o e . c o m
SAMPLE BOOK
m g y o e . c o m

mgyoe.com SAMPLE BOOK

# အခန်း ၁

**(လူငယ် တစ်ဦး၏ နေ့စဉ် မှတ်တမ်းမှ)**

ရက်သတ္တ နှစ်ပတ်မျှ ပျောက်နေခဲ့ရာမှ ကျွန်တော် ပြန်ရောက်လာခဲ့ပါသည်။ ကျွန်တော့် မိတ်ဆွေများကတော့ ရိုဒင်ဘာ့လ်မြို့သို့ နှစ်ရက် စော၍ ရောက်နေနှင့်ကြသည်။ သူတို့ ကျွန်တော့်ကို အထူး မျှော်လင့်နေကြသည်ဟု ကျွန်တော် အောက်မေ့မိပါသည်။ သို့ရာတွင် ကျွန်တော် ထင်သည့် အတိုင်း မဟုတ်၊ ကျွန်တော့် အထင် မှားလေသည်။ ဗိုလ်ချုပ်က အေးစက်စက် ကြည့်ပြီး နှုတ်ဆက်သည်။ ကျွန်တော် ရောက်သည် ဆိုလျှင် ကျွန်တော့်အား ခါတိုင်းလို သူနှင့်အတူ မထားတော့ဘဲ သူ့အစ်မထံသို့ လွှတ်လိုက်ပါသည်။ ကျွန်တော့် စိတ်ထဲတွင် ဗိုလ်ချုပ်သည် ကျွန်တော့် မျက်နှာကို မကြည့်ရဲတော့လောက်အောင် ရှက်နေဟန် တူသည်ဟု ထင်မိသည်။ မာယာ ဖိလိပိုဗနာမှာလည်း အထူး အလုပ်များပြီး ကျွန်တော့်ကိုပင် စကား မပြောအားပါ။ ကျွန်တော့်ထံမှ ငွေကို လက်ခံရေတွက်ရင်းသာ ကျွန်တော်၏ ဖြစ်ကြောင်းကုန်စင် ပြောပြချက်များကို နားထောင်နေလေသည်။ သူတို့ အားလုံး မီဇင်ဆော့ဗ်နှင့် အင်္ဂလိပ် လူမျိုး အချို့ကို မျှော်လင့်နေကြသည်။ မီဇင်ဆော့ဗ်မှာ ပြင်သစ် လူမျိုး လူဖလံ တစ်ဦး ဖြစ်သည်။ ခါတိုင်း လုပ်နေကျ အတိုင်း ငွေရသည် ဆိုလျှင်ဆိုချင်း ညစာ စားပွဲ ဖြစ်ပါတော့သည်။ ညစာ စားပွဲသည် မော်စကိုမှာ လုပ်နေကျ အတိုင်းပင် ဖြစ်ပါသည်။

ပိုလီနာ အလက်ဇန်းဒရိုဗနာက ကျွန်တော့်ကို စေ့စေ့ ကြည့်ပြီး ဤမျှ အချိန် ကြာကြာ ဘာကြောင့် ပျောက်နေရလဲဟု မေးပါသည်။

ကျွန်တော် အဖြေ မပေးရသေးခင်မှာပင် သူက ကျွန်တော့်ကို ကျောခိုင်း၍ ထွက်သွားတော့သည်။ သူ့မှာ အလုပ် များနေ၍ ကမန်းကတန်း ထွက်သွားဟန် တူပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

သူတို့က ကျွန်တော့်အား ဟိုတယ် လေးထပ်ပေါ်ရှိ အခန်း တစ်ခန်းကို ပေးထားပါသည်။ ကျွန်တော်သည် ဗိုလ်ချုပ်၏ လူဖြစ်ကြောင်းလည်း သူတို့ အားလုံးက သိပြီး ဖြစ်ကြသည်။ ထို့ကြောင့်လား မသိ၊ ကျွန်တော့်ကို အားလုံး က အရေးတယူ ရှိကြလေသည်။

ဤအရပ်ရှိ လူများ အားလုံးက ဗိုလ်ချုပ်အား အလွန် ချမ်းသာသော ရှရှား လူမျိုး၊ အထက်တန်းစား လူကုံထံ တစ်ဦး အဖြစ် သိနေကြလေသည်။

ထမင်း စားပွဲ မစမီပင် ဗိုလ်ချုပ်ကလည်း ကျွန်တော့်အား ပြင်သစ်ငွေ တစ်ထောင်တန် နှစ်ရွက်ကို အကြွေလဲခိုင်းပါသည်။ ဟိုတယ် ရုံးခန်းတွင် ထိုငွေ များကို ကျွန်တော်က လဲပေးရသည်။ ထို့ကြောင့် အနည်းဆုံး တစ်ပတ်လုံးလုံး လောက်တော့ ကျွန်တော်တို့ကို ဤအရပ်က သန်းကြွယ် သူဌေးကြီးများဟု မှတ်နေကြပေရော့မည်။

ကျွန်တော်သည် မိရှာနှင့် နာတရာကို ခေါ်ပြီး အပြင်သို့ လမ်းထွက်လျှောက် မည်ဟု စဉ်းစားမိသော်လည်း လှေကားမှ ဆင်းမည် ပြုလျှင်ပင် ဗိုလ်ချုပ်က ပြန် ခေါ်ပါသည်။

ဗိုလ်ချုပ်သည် သည်ကလေး နှစ်ယောက်ကို ကျွန်တော် ဘယ်က ခေါ်လာ သည်ကို သိလိုသဖြင့် စုံစမ်းချင်ဟန် တူသည်။ သို့ရာတွင် သူသည် ကျွန်တော့် မျက်နှာကို စေ့စေ့ ကြည့်ရဲဟန် မတူ။ ကြည့်လည်း ကြည့်ချင်၊ ကြည့်လည်း မကြည့်ရဲ ဖြစ်နေလေသည်။ ဘာများ လိပ်ပြာမလုံ ဖြစ်နေသည် မသိ။

သူ့မျက်လုံးများကို ကျွန်တော်က စိုက်ကြည့်မိတော့လည်း သူသည် တစ်စုံ တစ်ခု အတွက် မတင်မကျ ဖြစ်နေဟန်များ သူ့မျက်လုံးများ၌ ပေါ်နေလေသည်။ သူ စကား ပြောသော အခါမှာလည်း တော်တော် ထိန်း၍ လူကြီးလူကောင်းပီပီ ဟန်လုပ် ပြောဆိုနေရဟန် တူသည်။ နောက်ဆုံး၌ စိတ်မရှည်တော့ဟန်ဖြင့် ခပ် ပြတ်ပြတ် ပြောလိုက်သည်။

ကျွန်တော်နှင့် အတူ လိုက်ပါလာသော သူငယ်မလေး နှစ်ယောက်ကို ရည် ညွှန်းပြီး သူက 'ဒီလိုဖြင့်လည်း အပြင်ဘက်က ပန်းခြံထဲတွေ ဘာတွေ လျှောက် မနေပါနှင့်ကွ၊ မင်း ဟိုဘက်က ကစားခန်းထဲကို သူတို့ပါ ခေါ်သွားပေါ့၊ ငါ့ အထင်တော့ မင်းလည်း တစ်ယောက် အပါအဝင် ဖဲကစားနိုင်မယ် ထင်ပါရဲ့၊ အေး ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မင်း စိတ်ရှိသည်ပဲ ဖြစ်ဖြစ် စိတ်မရှိသည်ပဲ ဖြစ်ဖြစ် ဝင်ကစားစေချင်တယ်၊ ငါက မင်းကို ကစားရမယ်လို့တော့ အတင်းအကျပ် မပြောနိုင်ဘူးပေါ့၊ ဒါပေမဲ့ မကစားရင် ငါ့စိတ်ထဲကတော့ မင်းဟာ ငါတို့နှင့်



mgyoe.com

mgyoe.com SAMPLE BOOK

ပူးပေါင်းလိုစိတ် ရှိသူ တစ်ယောက် မဟုတ်ဘူးလို့တော့ ငါ့မှာ ယူဆနိုင်ခွင့် ရှိတယ်၊ ဒါ မဟုတ်ဘူးလား'

'သို့ပေမဲ့ ခက်တာက ကျွန်တော့် လက်ထဲမှာ ငွေမှ မရှိဘဲ၊ ငွေဖြုန်းတယ်ဆိုတာက မဖြုန်းခင် အရင် လက်ထဲမှာ ရှိရဦးမယ် မဟုတ်ဘူးလား' ဟု ကျွန်တော်က တည်ငြိမ်စွာ ပြန်မေးလိုက်ပါသည်။

'မင်း ခုချက်ချင်းပဲ ရပါစေမကွာ' ဗိုလ်ချုပ်က ပြောရင်း အံဆွဲထဲက စာရင်း စာအုပ်ကို ဖွင့်ကြည့်ပါသည်။ သူ့စာရင်းထဲတွင် ကျွန်တော့်အား ရှရှားသုံး ရူဘယ်ငွေ တစ်ရာ့နှစ်ဆယ် ပေးရန် ရှိသည်ကို တွေ့ရသည်။

'ဒါနှင့် နေပါဦး၊ တို့ မင်းကို ပေးစရာ ရှိတာက ရူဘယ် တစ်ရာ့နှစ်ဆယ်၊ ဒီမှာ ရှိတာက ဂျာမနီငွေ သက်လာတွေ ဖြစ်နေတော့ ဘယ်လိုလုပ် ရှင်းကြမလဲ၊ အေး ဘာပဲဖြစ်ဖြစ် လောလောဆယ် ကိစ္စပဲကိုး၊ ကဲ လာယူ၊ သက်လာ တစ်ရာပဲ ယူထားဦး၊ ကျန်တာတော့ နောက်မှ ကြည့်ရှင်းကြတာပေါ့၊ မဆုံးပါဘူးကွ၊ ဟဲဟဲ'

သူ ထုတ်ပေးသော ဂျာမန်ငွေ တစ်ရာကို စကား တစ်ခွန်းမှ ပြန်မပြောဘဲ ကျွန်တော် လှမ်းယူလိုက်ပါသည်။

'ငါက ဒီလို ပြောတတ်လို့ ပြောတာ စိတ်မကောင်း မဖြစ်ပါနှင့်ကွာ၊ မင်းကလည်း စိတ်ထိခိုက် လွယ်လွန်းအားကြီးတယ်၊ တကတဲမှပဲ' ဟုလည်း သူက ဆိုသေးသည်။

ညစာ မစားမီက ကလေး နှစ်ယောက်နှင့် အတူ ကျွန်တော် ပြန်လာစဉ် လမ်းတွင် မြင်းကိုယ်စီ စီးကာ တန်းစီပြီး မောင်းနှင်သွားသူ တစ်စုကို တွေ့ခဲ့ရသည်။ သည်ကတည်းက ကျွန်တော်တို့ လူစုထဲတွင် အကုသိုလ် တစ်ခုခု ဝင်တော့မည်ဟု စိတ်ထဲက ဒိတ်ခနဲ ဖြစ်လိုက်မိပါသည်။ သူတို့ မြင်းတွေကလည်း တင့်တယ်ပါဘိ။ စီးနင်းသွားကြသည့် ရထားတွေကလည်း ခမ်းနားပါဘိ။

ရထား တစ်စီးထဲတွင် မလီ ဘလန်ချ်ကို မာယာ ဖိလိပိုဗနာနှင့် ပိုလီနာတို့ နှစ်ဦးနှင့် အတူ တွေ့လိုက်ရသည်။ ပြင်သစ်ပြည်သား တစ်ဦး၊ အင်္ဂလိပ် တစ်ဦးနှင့် ကျွန်တော့် ဗိုလ်ချုပ်တို့ကိုမူ မြင်းများပေါ်တွင် တွေ့လိုက်ရသည်။ သူတို့ အားလုံးကို လူတိုင်းက ငေးကြည့်ကြရသည်။ ကြည့်လို့လည်း ကောင်းပေလိမ့်မည်။

သို့သော် ဗိုလ်ချုပ် အဖို့တော့ အကုသိုလ်ဆိုးနှင့် ရင်ဆိုင်ရမည့် အချိန်က နီးကပ်လျက် ရှိနေပြီဟု ကျွန်တော်ကသာ တွေးလိုက်မိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ယခု ဝိုင်းတွင် ကျွန်တော် ယူလာခဲ့သော ပြင်သစ်ငွေ လေးထောင်နှင့် သူတို့ လက်ထဲရှိ ငွေနှင့် ပေါင်းလိုက်မည် ဆိုလျှင် အနည်းဆုံး ပြင်သစ်ငွေ ခုနစ်ထောင်၊ ရှစ်ထောင်ခန့် ရှိပေမည်။ သို့ရာတွင် သည်လောက်ငွေမှာ မလီ ဘလန်ချဲ့ အတွက်တော့ မလောက်သေး။

မလီ ဘလန်ချဲ့လည်း သူမ မိခင်နှင့် အတူ ဟိုတယ်တွင် အခန်း ငှားပြီး တည်းခိုနေလေသည်။ ပြင်သစ်ပြည်သားကတော့ အနီးအနား ရပ်ကွက်က အိမ်တစ်ဆောင်တွင် တည်းခိုနေသည်။ မလီ ဘလန်ချဲ့ကို ဟိုတယ် အစေခံက ပြင်သစ်လို 'မွန်ဆယော် လဲ ကွမ်တီ' ဟု ခေါ်သံ ကြားလိုက်ရပြီး သူမ အမေကိုလည်း 'မာဒမ် လာ့ ကွမ်တီဆဲ' ဟု ခေါ်သည်ကိုလည်း ကြားရသည်။ သို့သော် ဤအသိုင်းအဝိုင်းထဲတွင် မလီ ဘလန်ချဲ့တို့သည် ကွမ်တီနှင့် ကွမ်တီဆဲတို့ ဖြစ်ကြသည်ကိုမူ မည်သူမျှ သိကြမည် မဟုတ်ပေ။

လဲကွမ်တီသည် ကျွန်တော်တို့နှင့် ညစာ စားပွဲတွင် ဆုံမိကြသော်လည်း ကျွန်တော့်ကို မှတ်မိဟန် မတူတော့။ ဗိုလ်ချုပ်တို့ကလည်း ကျွန်တော့်ကို မည်သူ မည်ဝါ ဖြစ်သည်ဟု မိတ်ဆက်ပေးရန် စိတ်ကူး ရှိပုံ မပေါ်ပေ။ လဲကွမ်တီသည် ရုရှားပြည်သို့ ကိုယ်တိုင် ရောက်ဖူးခဲ့သူ ဖြစ်သည်။ ကျွန်တော့်ကိုလည်း သူမ ကောင်းကောင်း ရင်းရင်းနှီးနှီး သိခဲ့ဖူးသည်သာ ဖြစ်၏။ အမှန်အတိုင်း ဝန်ခံရပါလျှင် ကျွန်တော်သည် ဤညစာ စားပွဲသို့ ဖိတ်ကြားခြင်း မရှိဘဲ ရောက်လာခြင်းသာ ဖြစ်ပေသည်။ ဗိုလ်ချုပ်သည် ရုတ်တရက် သတိမရသဖြင့်သာ ကျွန်တော့်ကို မဖိတ်မိခြင်း ဖြစ်ပေမည်။ ယခုလို ကျွန်တော်က ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာမှ သူ့မှာ အံ့အားသင့်နေတော့သည်။

မာယာ ဖိလိပိုဗနာသည် ကျွန်တော် ရောက်လာသည်ကို မြင်မြင်ချင်း နေရာထိုင်ခင်း ပြင်ပေးသည်။

ပြီးတော့ မစ္စတာ အက်စလေလည်း ဤပွဲသို့ ရောက်နေသဖြင့် ကျွန်တော့်အဖို့ မျက်နှာ စိမ်းမနေရတော့ဘဲ ပိုအဆင်ပြေသွားပါသည်။

မစ္စတာ အက်စလေကို ပထမဆုံး အကြိမ်က ပရပ်ရှားတွင် ကျွန်တော် စတင် တွေ့ဆုံခဲ့ဖူးသည်။ ကျွန်တော်က ကျွန်တော့် မိသားစုနှင့် တွေ့ရန် အသွား လမ်းခရီး ရထားပေါ်တွင် သူနှင့် မျက်နှာချင်းဆိုင် ထိုင်မိလျက်သား ဖြစ်ခဲ့ခြင်း ဖြစ်၏။

နောက်တော့လည်း သူနှင့် ပြင်သစ်ပြည် ပဲရစ်မြို့မှာ တွေ့လိုက်၊ ဆွစ်ဇာလန်မှာ တွေ့လိုက်နှင့် မကြာခဏ ဆုံကြရသည်။ သို့သော် ကျွန်တော့် စိတ်ထဲတွင်

mgyoe.com

mgyoe.com SAMPLE BOOK

ဝေခွဲမရအောင် ဖြစ်ရသည်မှာကား သူနှင့် ဗိုလ်ချုပ်တို့ ဘယ်ပုံ ဘယ်နည်း သိကျွမ်းခဲ့ကြလေသနည်း ဆိုသော ကိစ္စ ဖြစ်၏။ တစ်ခုတော့ ရှိပါသည်။ ကျွန်တော့်စိတ်ထဲတွင် သူသည် ပိုလီနာကို တစ်ဖက်သတ် အချစ်ကြီး ချစ်နေသူ ဖြစ်သည်ဟု ထင်မိပါသည်။ ကျွန်တော်က သူ့ဘေးတွင် ဝင်ထိုင်လိုက်သော အခါ သူနှင့်ကျွန်တော် ရင်းနှီးကြသည်ဟု ဘေးလူများ အထင်အမြင် ရောက်သွားသည်ကိုပင် သူ့မှာ ဂုဏ်ယူ ဝမ်းသာမဆုံး ရှိနေလေသည်။

ညစာ စားပွဲတွင် လေလုံး အထွားဆုံးသော ပုဂ္ဂိုလ်မှာ ပြင်သစ်ပြည်သားဖြစ်သည်။ စကားကြီး စကားကျယ်တွေကိုလည်း ပြောသည်။ သူ့ကို ကျွန်တော်ကောင်းကောင်း မှတ်မိသည်။ မော်စကိုမှာတုန်းက သူသည် အမြှောက်အပင့်တွေများစွာနှင့် ပြောခဲ့ဖူးသည်။ ယခုတော့ စီးပွားရေး အကြောင်း၊ ရုရှားပြည်ရှိ နိုင်ငံရေး အခြေအနေ အကြောင်းများကို မနားတမ်း ပြောနေပြန်သည်။ ဗိုလ်ချုပ်ကတော့ သူ့စကားကို ဖြတ်ပြီး တစ်ချက် တစ်ချက် ဝင်ပြောသော်လည်း ကိုယ့်သိက္ခာ အကျခံပြီး အကျောက်အကန် ပြောဆိုလာခြင်းမျိုးတော့ မရှိပေ။

ထမင်း စားပွဲ တစ်ဝက်လောက်ကျတော့ ကျွန်တော်သည် စိတ်ထဲကနေပြီး မိမိ မေးနေကျ မေးခွန်း တစ်ခုကို မေးမိပြန်သည်။

'ငါ ဘာကြောင့်များ ဒီလောက် အချိန် ကြာကြာ ဒီဗိုလ်ချုပ် အနားကမခွာနိုင်ဘဲ တတွဲတွဲ လိုက်နေမိပါလိမ့်' တွေးရင်းက ပိုလီနာ အလက်ဇန်းဒရိဗနာကိုလည်း မျက်လွှာ လှန်ပြီး လှမ်းကြည့်မိသည်။ ပိုလီနာကတော့ ကျွန်တော့်အကြည့်ကို သတိပြုမိဟန် မတူ။

နောက်ဆုံးတော့ ဤ ပြင်သစ်ပြည်သားကို ကျွန်တော် ခံပြင်းလာမိရုံသာမက ရိုင်းရိုင်းစိုင်းစိုင်း ဖြစ်ချင်ဖြစ် ပြောချပစ်လိုက်ဖို့သာ ဆုံးဖြတ်လိုက်မိသည်။ ဘေးလူတွေကို စော်ကားမော်ကား ပြုရာ ရောက်မည်ကိုလည်း သတိပြုမိသည်။ ဗိုလ်ချုပ်ကိုလည်း စိတ်အနှောင့်အယှက် ပြုရာကျမည်ကို သိပါသည်။ သို့သော်ကျွန်တော် ပစ်မည့် မြားမှာ ပြင်သစ်ပြည်သား လူစွာကို ပစ်ချင်သော မြားဖြစ်၍အောင့်မထားနိုင်တော့။

ဘယ်နည်းနှင့်မျှ မပြောဘဲ မနေနိုင်တော့သဖြင့် ကျွန်တော်က ကျယ်လောင်စွာ အော်ဟစ်၍ ပြောလိုက်သော အခါ ဗိုလ်ချုပ်လည်း ကျွန်တော့်ကို အံ့သြ ငေးမောနေလေတော့သည်။

'ဒီမှာ ကိုယ့်လူ၊ ခင်ဗျားသာ ကိုယ့်ကိုယ်ကိုယ် လေးစားမှု ရှိတဲ့လူ ဖြစ်ရိုးမှန်ရင် ခင်ဗျား သိက္ခာကို ခင်ဗျား ရှေ့တန်း တင်ပြီး အဝေအဖန် အပုတ်အခတ်

mgyoe.com

mgyoe.com SAMPLE BOOK

ခံနိုင်ရမှာပဲ၊ ပဲရစ်မှာပဲ ဖြစ်ဖြစ် ဂျာမနီက ရိုင်းမြစ် တစ်ကြောမှာပဲ ဖြစ်ဖြစ် ဆွစ်ဇာလန်မှာပဲ ဖြစ်ဖြစ် ကြည့်မယ် ဆိုရင် အဲဒီ နိုင်ငံတွေမှာ ပိုလန်ပြည်သားတွေ အမြောက်အမြား ရှိကြတာပဲ၊ ဒီလူတွေကိုတော့ ပြင်သစ်တွေက သဘောထားကြီးကြီးနှင့် ဆက်ဆံကြတယ်၊ အဖက်လုပ်ကြတယ်ဗျ၊ ဒါပေမဲ့ ဒီလူတွေ ကြားထဲမှာ ရုရှား လူမျိုးတွေ အဖို့တော့ စကားကလေး တစ်ခွန်းတောင် ထုတ်ပြောပိုင်ခွင့် မရှိဘူး၊ သိရဲ့လား'

ဤစကားများကို ကျွန်တော်က တမင်တကာ ပြင်သစ် ဘာသာဖြင့် ပြောချလိုက်ပါသည်။ ဗိုလ်ချုပ်ကတော့ သဘောကျလား မကျလား၊ ကျွန်တော့်ကို ကျေနပ်လား မကျေနပ်လား မသိ၊ အံ့အားသင့်သော မျက်လုံးများဖြင့်သာ ကြည့်နေလေသည်။

'အဲဒါပေါ့ အဲဒါ၊ ခင်ဗျားကို တစ်ယောက်ယောက်က သင်ခန်းစာ ပေးလိုက်တာပဲလေ'

ပြင်သစ်ပြည်သားက နှိမ်သလိုလိုနှင့် အမှုမဲ့ အမှတ်မဲ့ မထီတထီ ပြောလိုက်သည်။

'ကျွန်တော်ဟာ ရုရှား လူမျိုးပဲ၊ တစ်ကြိမ်က ပဲရစ်မြို့မှာ ပိုလန်ပြည်သားတွေနှင့် အတူ ကော်ဖီ သောက်ဖို့ တန်းစီတော့ ပြင်သစ်တွေက ပိုလန်ပြည်သားတွေကိုပဲ အရေးပေးတယ်၊ ဒါပေမဲ့ ပြင်သစ်ပြည်သား တော်တော်များများက ကျွန်တော့်ကို ဂရုစိုက်လာကြတယ်ဗျ၊ ဘာကြောင့်လဲ ဆိုတော့ ကျုပ်က မွန်ဆီညော် (ပြင်သစ် လူကုံထံ ဘုန်းကြီး) တစ်ဦးရဲ့ ကော်ဖီခွက်ထဲ ထွီခနဲ တံတွေး တစ်ပစ် ထွေးချလိုက်တာကိုး'

'ဟင်၊ တံတွေး ထွေးထည့်တယ်' ဗိုလ်ချုပ်မှာ ရှက်သလို မရွံ့မရဲသလို သိက္ခာ ထိန်းပြီး မေးလိုက်သည်။ ပြင်သစ်ပြည်သားကသာ ကျွန်တော် သည်လို လုပ်ရဲလိမ့်မည် မထင်ဟန်ဖြင့် ကြည့်နေသည်။

'ဟုတ်ပါတယ် ဗိုလ်ချုပ်၊ ဒီနောက်တော့ ကျွန်တော် ရောမမြို့ကို ခဏသွားလည်ဖို့ နှစ်ရက်တိတိ စဉ်းစားပြီး ဆုံးဖြတ်ခဲ့ပါတယ်၊ သာသနာပိုင် သံရုံးကို သွားပြီး ကျွန်တော့် အတွက် နိုင်ငံကူး လက်မှတ် အတွက် ပြည်ဝင်ခွင့် လက်မှတ် သွားယူတော့ သံရုံးမှာ ဦးပဉ္ဇင်း တစ်ပါးနှင့် တွေ့ရတယ်၊ အသက်ကတော့ ငါးဆယ်လောက် ရှိပါပြီ၊ သူက ကျွန်တော် ပြောဆိုတာတွေကို ဂရုတစိုက်နားထောင်တဲ့ အပြင် အင်မတန် လေးလေးစားစား ယဉ်ယဉ်ကျေးကျေး ဆက်ဆံတယ်၊ ခဏ စောင့်ပါဦးလို့လည်း ဆိုတယ်၊ ကျွန်တော်က ဒီအချိန်မှာ သိပ်

mgyoe.com

mgyoe.com SAMPLE BOOK

အရင် လိုနေပေမဲ့ ဦးပဍင်းရဲ့ ယဉ်ကျေးတဲ့ အမူအရာတွေကြောင့် ကျွန်တော်ဟာ ထိုင်စောင့်ရတာ ဝန်မလေးတော့ပါဘူး၊ အဲဒီလို ထိုင်စောင့်ရင်း စားပွဲပေါ်က *အမျိုးသား ထင်မြင်ချက်* ဆိုတဲ့ သတင်းစာကို ကောက်ကိုင်ပြီး ဖတ်လိုက်တော့ သတင်းစာထဲမှာ ရှရှားတွေကို ပုတ်ခတ် ရေးသားတာတွေ တွေ့ရတယ်၊ အဲဒီလို နေတုန်း ဩစတြီးယားပြည်သား လူစိမ်း တစ်ယောက် အလုပ် ကိစ္စနှင့် ရောက် လာတယ်၊ စောစောက ဦးပဍင်းပဲ ထွက်ပြီး တွေ့တယ်၊ ကျွန်တော့် ကိစ္စကိုတော့ ယဉ်ယဉ်ကျေးကျေးနှင့် ဘေးဖယ်ထားပြီး ဟိုလူကျတော့ အရေးတယူ လုပ်တယ်၊ ပြင်သစ် အထက်တန်းစား မွန်ဆီညော် တစ်ဦး ရောက်လာတော့လည်း ဒီအတိုင်း ပဲ၊ ဘုန်းကြီးက သိပ်အခွင့်အရေး ပေးတယ်၊ ဒီတော့ ကျွန်တော်လည်း မခံနိုင် တော့ဘူး၊ စိတ်ထဲက ဆုံးဖြတ်ပြီး ကျွန်တော့် ကိစ္စကိုလည်း ပြင်သစ်ပြည်သား အတွက် အရေးတယူ လုပ်ပေးသလို မြန်မြန် လုပ်ပေးပါလို့ ဘုန်းကြီးကို ပြော လိုက်မိတယ်၊ ဒီလို ပြောပစ်လိုက်ကာမှ ဘုန်းကြီးလည်း အတော် အံ့ဩသွား တယ်၊ ဘုန်းကြီး စိတ်ထဲမှာ ကျွန်တော့်လို ရှရှားပြည်သား ပါမွှား တစ်ယောက် က ပြင်သစ်ပြည်သား လူကုံထံ မွန်ဆီညော် တစ်ယောက်ကို ပခုံးချင်း ယှဉ်ပြော ရဲတာကို နားမလည်နိုင်အောင် ဖြစ်သွားတယ်နှင့် တူပါရဲ့၊ ဒါပေမဲ့ ဘုန်းကြီးက ကျွန်တော့်ကို မျက်နှာထား တင်းတင်းနှင့် ပြန်မေးမယ်။

'ခင်ဗျားက မွန်ဆီညော်ထက် ပိုပြီး ခင်ဗျားကို ဦးစားပေးရမယ်လို့ ဆိုလိုတာလား ,ဆိုတော့ ကျွန်တော်ကလည်း ပြန်ပြောတယ်၊ ဒီမှာ ဦးပဍင်း၊ ဦးပဍင်း သိထားဖို့က ကျွန်တော်ဟာ မတရား လုပ်လာရင် အဲဒီ မွန်ဆီညော် မျက်နှာကိုတောင် စေ့စေ့ ကြည့်ပြီး တံတွေးနှင့် ထွေးရဲသေးတယ် သိလား၊ ခု ချက်ချင်း ကျွန်တော့် ကိစ္စကို လုပ်ပေးနိုင်မလား မလုပ်ပေးနိုင်ဘူးလား၊ မလုပ် ပေးနိုင်ရင် အဲဒီလူကို ကျွန်တော် ကိုယ်တိုင် ရင်ဆိုင်မယ်၊ ကျွန်တော့် အသံက လည်း သူ့အသံထက် ပိုကျယ်သေးတယ်၊ ကျွန်တော်လည်း အော်ဟစ်ပြောတာပဲ။

'ဘာ.. မိုလ်ချုပ်ကြီးနှင့် စကား ပြောနေတဲ့ဆီ ခင်ဗျား သွားမလို့ ဟုတ် လား ဆိုပြီး ဘုန်းကြီးလည်း ပျာပျာသလဲ ဖြစ်တယ်၊ ကျွန်တော့်ကိုလည်း လက် ကားရား ခြေကားရားနှင့် ဟန့်တားနေတယ်၊ ကျွန်တော် ဖြတ်ဝင်သွားမှာကို အသေခံပြီး တားရ တားရ တားမည့်ဟန် ပေါက်နေတော့တယ်။

'ဒီတော့ ကျွန်တော်ကလည်း ပြောတယ်၊ ဒီမှာ ဦးပဍင်း၊ ကျွန်တော်တို့ ကတော့ အရိုင်းပဲဗျ၊ ကျွန်တော်ကတော့ ဂိုဏ်းအုပ်သော ဂိုဏ်းချုပ်သော နား မလည်၊ ဘယ်ကောင်မှလည်း ဂရုမစိုက်၊ ကျွန်တော့် အမူအရာကို မြင်မှ ဘုန်းကြီး

mgyoe.com

mgyoe.com SAMPLE BOOK

လည်း မလို ရှုံမှုန်းဟန် မျက်နှာထားနှင့် လက်ထဲက နိုင်ငံကူး လက်မှတ်ကို ဖတ်ခနဲ ဆွဲပြီး အပေါ်ထပ်ဆီ တက်သွားတယ်၊ တစ်မိနစ် အတွင်း နိုင်ငံကူး လက်မှတ်မှာ ပြည်ဝင်ခွင့် တံဆိပ် ရိုက်နှိပ် ပြီးသွားတယ်ဗျ၊ ကဲ ကြည့်စမ်း၊ အဲဒီ ဗီဇာကို ကြည့်ချင်သေးလား၊ ဟောဒီမှာ ကြည့်စမ်းပါ'

ကျွန်တော်က ပြောရင်း နိုင်ငံကူး လက်မှတ်ကို ထုတ်ပြလိုက်သည်။

'ကဲ ကောင်းပြီ၊ ကျုပ် နည်းနည်း ပြောချင်တယ်'

ယခုမှ ဗိုလ်ချုပ်က စကား စလိုက်ပါသည်။

'ခုနင်က မင်း ပြောသလို မင်းဟာ ရိုင်းတယ်လို့ ပြောလိုက်ရတော့ ဘာ ရသလဲ' ပြင်သစ် လူမျိုးက ထေ့ပြုံး ပြုံးလေသည်။

'အဲဒါ ကျွန်တော် ပြောချင်တာပဲဗျ၊ ခု ဒီမှာ ထိုင်နေကြတဲ့ ရုရှား လူမျိုး တွေ ကြည့်ပါလား၊ နှုတ်ကို ဖွင့်ပြီး တစ်ခွန်း တစ်ပါဒ ပြန်ပြောရဲကြသလား၊ သူတို့ကိုယ်သူတို့ ရုရှား လူမျိုး ဖြစ်တယ် ဆိုတာကိုတောင် အဖြစ် မခံချင်ကြ ဘူး မဟုတ်လား၊ ပြင်သစ်ပြည်မှာတုန်းက ကျွန်တော် တည်းခိုခဲ့တဲ့ ဟိုတယ် မှာ ဘုန်းကြီးနှင့် ဖြစ်ခဲ့တဲ့ အဖြစ်ကို ပြန်ပြောတော့မှ ဟိုတယ်က လူတွေက ကျွန်တော့်ကို အရင်ကထက် ပိုပြီး အရေးပေး ဆက်ဆံလာကြတယ်၊ ဒါတင် မကဘူး ခင်ဗျာ၊ ၁၈၁၂ ခုနှစ်လောက်တုန်းက ကျွန်တော် ကြားဖူးတဲ့ အဖြစ် တစ်ခု ဖြစ်ခဲ့တာ ရှိသေးတယ်၊ အဲဒါက ဘာလဲ ဆိုတော့ ပြင်သစ် စစ်သား တစ် ယောက်ဟာ သူ့ သေနတ်ကို စမ်းတဲ့ အနေနှင့် ရုရှား ကလေး တစ်ယောက်ကို သေနတ်နှင့် ပစ်ခဲ့ဖူးတယ်ဗျ'

'အို ဒါတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ ပြင်သစ် စစ်သားတွေဟာ ကလေးကိုတော့ ဘယ်နည်းနှင့်မှ သေနတ်နှင့် ပစ်မသတ်ပါဘူး'

ပြင်သစ် လူမျိုးက ခါးခါးသီးသီး ငြင်းပါသည်။

'ပစ်သတ်တာက ယုံတမ်းစကား မဟုတ်ဘူး ခင်ဗျ၊ ဒါ အမှန် ဖြစ်ခဲ့တာ ကို ပြောတာပဲ၊ ကျွန်တော့်ကို ပြန်ပြောပြတဲ့ လူက လုပ်ကြံ ပြောမယ့် လူစား မျိုး မဟုတ်ဘူး၊ အငြိမ်းစား ဗိုလ်ကြီး တစ်ဦးက သူ့ကိုယ်တွေကို ပြောပြတာ၊ ဒီလူဟာ ကိုယ့်သိက္ခာကိုယ် လေးစားတဲ့ လူမျိုးပါဗျ၊ သေနတ်နှင့် အပစ်ခံရတဲ့ လူက ကံကောင်းထောက်မလို့ မသေဘူး၊ ကျွန်တော် ကိုယ်တိုင် သူ့ကိုယ်ပေါ်က သေနတ် ဒဏ်ရာ အမာရွတ်ကို မျက်စိနှင့် တပ်အပ် မြင်ခဲ့ပါသေးတယ်'

ထိုအခါ ပြင်သစ်ပြည်သားက မခံချိ မခံသာ ဖြစ်ပြီး ပြန်လည် ချေပပါ သည်။ ဗိုလ်ချုပ်ကလည်း သူ့စကားကို နားဝင်သွားတော့သည်။



mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံး၌ ကျွန်တော်က ၁၈၁၂ ခုနှစ်တွင် ပြင်သစ်တို့ ဖမ်းဆီးခြင်း ခံခဲ့ရသော မိုလ်ချုပ် ပါရော့ဇ်စကီ၏ မှတ်တမ်းများကို မယုံလျှင် ပြန်ဖတ်ကြည့်ပါဟု တိုက်တွန်းလိုက်သည်။

မာယာ ဖိလိပိုဗနာက ကျွန်တော်တို့ အပြင်းအထန် ဖြစ်လာမည်ကို စိုး၍ စကား လမ်းလွဲသွားအောင် ဝင်ပြောလေသည်။

မိုလ်ချုပ်ကမူ ကျွန်တော့် အပြောအဆိုများကို နှစ်သက်ဟန် မတူတော့။ ပြင်သစ်ပြည်သားနှင့် ကျွန်တော်တို့ တစ်ယောက် တစ်ခွန်း အပြန်အလှန် ဟစ်အော် ပြောဆိုနေကြသည့် အတွက် သူ့မှာ နှလုံးမသာ ရှိနေလေသည်။ သို့သော် မစ္စတာ အက်စလေကတော့ ယခုလို ပြင်သစ်ပြည်သားကို ကျွန်တော်က ပြန်ပြောသည့် အတွက် အလွန် သဘောကျနေလေသည်။

ညပိုင်းတွင် ကျွန်တော်သည် ပိုလီနာ အလက်ဇန်းဒရိုဗနာနှင့် တစ်နာရီ ကျော်ကျော်ခန့် စကား ပြောခွင့် ရသည်။ ကာဆီနို ဘေးရှိ ပန်းခြံကြီးထဲတွင် လမ်းလျှောက်ရင်း စကား ပြောကြရသည်။ ပိုလီနာသည် စမ်းရေပန်းကို မျက်နှာမူထားသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ကျွန်တော်တို့နှင့် အတူ ပါလာသော မိရှာတို့ ကလေးတွေက ခပ်လှမ်းလှမ်းတွင် သွား၍ ကစားကြသည်။

စကား စစချင်း အလုပ်အကိုင်နှင့် ပတ်သက်သော စကားတို့ကို ပြောကြသည်။

ပဲရစ်မှာတုန်းက ကျွန်တော်သည် သူ့စိန်များကို ဂျာမန် ငွေဒင်္ဂါး နှစ်ထောင်နှင့် ပေါင်ခဲ့သော်လည်း သူ့ကို ငွေဒင်္ဂါး ခုနစ်ရာသာ ပေးလိုက်သည့် အတွက် ပိုလီနာက ကျွန်တော့်ကို တော်တော် စိတ်ဆိုးသည်။

'ကျွန်မ ရထိုက်တဲ့ ငွေတွေကို ကျွန်မကို ပေးမှပေါ့၊ ဘယ်လောက် ရရ ကျွန်မ ရထိုက်တာ ရမှ ဖြစ်မယ်' ဟု ပိုလီနာက ဆိုသည်။

ကျွန်တော်က ငွေအကြောင်း မပြောတော့ဘဲ သူနှင့် ကျွန်တော်တို့ ကွဲသွားကြစဉ်က ကျွန်တော့် မျက်ကွယ်တွင် ဘာတွေ ဖြစ်သည်ကိုသာ မေးလိုက်သည်။

'ဘာမှ မဖြစ်ပါဘူး၊ ပီတာစဘတ်က သတင်း နှစ်ခု ရောက်လာတာပဲ ရှိပါတယ်၊ တစ်ခုကတော့ အဘွား သိပ်မမာဘူး၊ အသည်းအသန် ဖြစ်နေတယ်တဲ့၊ ကုန်ခဲ့တဲ့ နှစ်ရက်လောက်ကတော့ သူ့အတွက် နောက်ထပ် မျှော်လင့်ချက် မရှိဘူး ဆိုတဲ့ သတင်း ရတယ်၊ သတင်း ပို့လိုက်တာကတော့ တီမိုဖေ ပက်ထရိုပစ် ပို့တာ၊ သူကတော့ ယုံကြည်ရတဲ့ လူတစ်ယောက်ပါပဲ၊ ခုတော့ အဘွား ဆုံးပြီ ဆိုတဲ့ သတင်းကို စောင့်နေရတာပေါ့လေ'

mgyoe.com

mgyoe.com SAMPLE BOOK

'ဒါဖြင့် ခင်ဗျားမှာ ခုဆို ဒီအရေးကြောင့် စိတ်ထဲ မတင်မကျ တထင့်ထင့် ဖြစ်နေရမှာပေါ့နော်'

'အင်း၊ အားလုံး သူပဲ၊ အချိန်ရှိသရွေ့ ဒီသတင်းကိုပဲ ရင်တမမနှင့် စောင့်နေကြရတယ်၊ ခုဆို ဒီကိစ္စ စောင့်နေရတာ ခြောက်လလောက်တောင် ရှိရော့မယ်'

'ခင်ဗျားလည်း ဒါကို စောင့်နေတာပဲလား'

'အို မဆိုင်ပါဘူးရှင်၊ ကျွန်မက ဘာတော်တာ မှတ်လို့၊ ကျွန်မဟာ ဗိုလ်ချုပ်ရဲ့ မွေးစား သမီး တစ်ယောက်ပါ၊ သို့ပေမဲ့ ကျွန်မ အထင်တော့ အဘွားဟာ သူ သေခါနီး သေတမ်းစာ ရေးတဲ့ အခါတော့ ကျွန်မကိုလည်း သတိရမှာပါပဲ'

'ဟုတ်တာပေါ့၊ ကျွန်တော့် အထင်ကလည်း ဒီအတိုင်းပါပဲ၊ ခင်ဗျား အနေနှင့် အဘွားဆီက အမွေ တော်တော်များများကို ရပါလိမ့်မယ်၊ ကြည့်ပါ'

'အင်း၊ ဟုတ်တော့ ဟုတ်ပါတယ်၊ အဘွားဟာ ကျွန်မကို တော်တော် ချစ်ပါတယ်၊ နေပါဦး၊ ဒါထက် ကျွန်မ အမွေ အများကြီး ရရမယ်လို့ ရှင် ဘာကြောင့်များ ထင်တာလဲဟင်'

ကျွန်တော်က သူ့အမေးကို တည့်တည့် မဖြေဘဲ မေးခွန်းနှင့် ဖြေလိုက်သည်။

'ကျွန်တော့်ကို ခင်ဗျား မှန်မှန် ပြောစမ်းပါ၊ ခင်ဗျား သိတယ်လို့ ကျွန်တော် ထင်တယ်၊ ကျွန်တော်တို့ မားကွစ် (မှူးမတ်) ကြီးကလည်း ဒီကိစ္စ အတွင်းရေးတွေထဲမှာ တော်တော် အတွင်းကျကျ ပါဝင် လုပ်ဆောင်နေတယ် မဟုတ်လား'

'ဩော် ရှင် တော်တော် သိနေမှုပဲ၊ ဒါနှင့် ရှင်က ဘာကြောင့် ဒီကိစ္စတွေမှာ ဒါလောက် စိတ်ဝင်စားနေရတာလဲ'

'ဒါတွေ ထားပါလေ၊ ကျွန်တော် ထင်နေတာ တစ်ခု ရှိသေးတယ်၊ ကျွန်တော့် အထင် မှားမလားတော့ မပြောတတ်ပါဘူး၊ ကျွန်တော်တို့ ဗိုလ်ချုပ်ကလည်း မားကွစ်ဆီက ငွေတော်တော်များများ ချေးယူလို့ ရထားတယ်နှင့် တူတယ်'

'ရှင် တော်တော် စိတ်မှန်းကောင်းတဲ့ လူပဲ၊ ခု ရှင် ပြောတာတွေ အားလုံး မှန်ပါတယ်'

'အေး၊ ခုမှ ဇာတ်ရည် လည်ပါပြီ၊ ခင်ဗျားတို့ အဘွားနှင့် ပတ်သက်ပြီး ကောင်းကောင်း သိမနေရင် မားကွစ်က ငွေတွေ ဒီလောက် ဘယ်ချေးပါ့မလဲ၊



mgyoe.com

mgyoe.com SAMPLE BOOK
ခင်ဗျား သတိ ထားမိသလား မသိဘူး၊ ထမင်းစားပွဲတုန်းက အဘွားကြီး အကြောင်း သူ သုံးကြိမ်တိတိ ထုတ်ပြောတာ ကျွန်တော် သတိပြုမိတယ်၊ အဘွား ကြီး အကြောင်း ပြောတိုင်းမှာ သူက အင်မတန် ရင်းရင်းနှီးနှီး ခေါ်တဲ့ အနေနှင့် အဘွား အဘွား ဆိုပြီး သုံးသွားတာဗျ'

'ဟုတ်ပါတယ်၊ ကျွန်မလည်း သတိထားမိပါတယ်၊ ဒါတင် ဘယ်ကမလဲ၊ အဘွား သေတမ်းစာထဲမှာ ကျွန်မ နာမည် ပါတယ်လို့များ သူ သိကြည့်စမ်းပါ၊ ချက်ချင်း ကျွန်မကို သူ့လိပ်စာ ပေးမှာပဲ၊ ရှင် သူ့လိပ်စာ လိုချင်တယ် မဟုတ် လားဟင်'

'သူက အရင် တင်ကူးပြီး ခင်ဗျားကို သူ့လိပ်စာ ပေးရမှာပါဗျ၊ ကျွန်တော် ထင်တယ်လေ၊ သူဟာ ဒီလောက် လက်နှေးမယ့်လူ မဟုတ်ဘူး၊ သူ့ လိပ်စာ ခင်ဗျား ရခဲ့တာ ကြာလှရော့မပေါ့'

'အိုး ခက် ခက်ရချည်ရဲ့၊ ကျွန်မ လက်ထဲ သူ့လိပ်စာ ပေးပြီး မပေးပြီး ဆိုတာ ရှင် အသိဆုံး ဖြစ်မှာပဲ'

ပိုလီနာက ဒေါသသံကလေးနှင့် ပြောပြီး နှုတ်ပိတ်နေသည်။ တစ်မိနစ် လောက် ကြာမှ စကားစ ပြန်ကောက်လိုက်သည်။

'ဒါထက် ဟိုအင်္ဂလိပ်နှင့် ရှင် ဘယ်မှာ စသိခဲ့ကြတာလဲ'

ကျွန်တော်က မစ္စတာ အက်စလေနှင့် ခရီးသွားရင်း တွေ့ခဲ့ကြပုံများကို ပြောပြလိုက်သည်။ ပြီးမှ 'ဒီလူက တော်တော် ရှက်တတ်တဲ့ လူပဲ၊ သူက ခင်ဗျားကို ချစ်နေတာဗျ၊ ခုတော့ ခင်ဗျားတို့ အချင်းချင်းလည်း ချစ်နေကြပြီ နှင့် တူပါတယ်' ဟု ဆက်ပြောသည်။

'ဟုတ်ပါတယ်၊ ကျွန်မတို့ ချစ်နေကြတယ်' ပိုလီနာက ဝန်ခံသည်။

'ဒီလူဟာ ဟိုပြင်သစ်နှင့် စာရင် အဲဒီ ငနဲထက် ဆယ်ဆမက ပိုချမ်းသာ တဲ့ လူဗျ၊ ပြင်သစ်က ဘာရှိတာ မှတ်လို့၊ ဒီကောင် ကြည့်ရတာ ဝ မရှိဘဲ ဝိ လုပ်နေတဲ့ အကောင်၊ ဟန် မရှိဘဲ ဟိတ် လုပ်နေတဲ့ အကောင်လို့ ခင်ဗျား နည်းနည်းမှ သံသယ မဖြစ်မိဘူးလား'

'ကျွန်မတော့ မဖြစ်မိပါဘူး၊ ဗိုလ်ချုပ်ကတော့ အဲဒီ လူမှာ တကယ့် အထက်တန်းစား စံအိမ်တော်ကြီးတောင် ရှိတယ်တဲ့၊ ကဲ ရှင် ကျေနပ်ပလား'

'အင်း၊ ကျွန်တော်သာ ခင်ဗျား နေရာမှာ ရှိရင်လေ ကျွန်တော်ကတော့ အင်္ဂလိပ်နှင့် လက်ထပ်လိုက်မှာပဲ'

'ဘာဖြစ်လို့' ပိုလီနာက ဖတ်ခနဲ ပြန်မေးလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

'ပြင်သစ်က အဆင်းတော့ ရှိတာ အမှန်ပါပဲ၊ ဒါပေမဲ့ အချင်း မရှိဘူးဗျ၊ အင်္ဂလိပ်က ရိုးသားတာ အပြင်ကို အဲဒီလူထက် ဆယ်ဆ ပိုချမ်းသာသေးတယ်'

'ရှင် ပြောတာ မှန်တယ်ပဲ ထားပါ၊ ဒါပေမဲ့ ပြင်သစ်က မားကွစ် (မှူးမတ်) ထဲကလည်း ဖြစ်တယ်လေ၊ ပိုပြီးတော့လည်း အရာရာ နံ့စပ်တယ် မဟုတ်လား'

'နေပါဦးဗျ၊ ဒါတွေကကော အမှန်တွေ ဟုတ်ရဲ့လား'

'အမှန်တွေပေါ့ရှင့်'

ပိုလီနာသည် ကျွန်တော်၏ ဤမေးခွန်း အတွက် သဘောမကျ ဖြစ်သွားသည်။ သူ့အသံသည်ပင် ဒေါသသံဖြင့် မာကျောနေ၏။

'ကျွန်တော်က ခုလို ခင်ဗျား ဒေါပွတော့ တကယ်ပဲ စိတ်ထဲက ရယ်ချင်တယ်ဗျ၊ ခု ကျွန်တော်က ခင်ဗျား မေးချင်တဲ့ မေးခွန်းတွေ မေးဖို့ ခွင့်ပြုခဲ့ရတဲ့ အတွက် အဖိုးအခတော့ ပေးရမယ် သိလား၊ ကျွန်တော့်ကိုယ် ကျွန်တော်လည်း စဉ်းစားပါတယ်၊ ကျွန်တော်ကတော့ ခင်ဗျားကို မေးချင်တာ မေးပိုင်ခွင့် ရှိတယ်၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်က ဒီလို မေးတဲ့ အတွက် ခင်ဗျားက လိုချင်တယ် ဆိုရင် လိုချင်တဲ့ အဖိုးအခကို ပေးဖို့ ဆုံးဖြတ်ထားတာကိုးဗျ'

ပိုလီနာမှာ မအောင့်နိုင်ဘဲ ရယ်မောနေလေသည်။

'လာပြန်ပြီ ဒီအဖိုးအခ စကားက၊ ဟိုတုန်းကလည်း ဒီစကားပဲ ရှင် ပြောဖူးပါသေးတယ်၊ အေးပါ၊ တစ်နေ့ကျရင်တော့ ရှင် ပေးမယ့် အဖိုးအခ အတွက် စကား တစ်လုံးတော့ ကျွန်မကလည်း ပြောရဦးမှာပေါ့၊ အဲဒီ အခါမှ ရှင် ဘယ်လို အဖိုးအမျိုး ပေးမယ် ဆိုတာ ကြည့်ရဦးမယ်၊ ဒါပေမဲ့ အဲဒီ အခါကျတော့မှ ရှင့်ကို ကျွန်မက မုန်းသွားရလိမ့်မယ်၊ ကြည့်ပါ၊ ဘာကြောင့်လဲ ဆိုတော့ ရှင့်ကို ကျွန်မက လွတ်လပ်ခွင့် ပေးရလွန်းလို့ပဲပေါ့၊ နောက်ကျရင် ခု ကျွန်မ ပြောတာထက် ပိုပြီး မုန်းချင် မုန်းရမယ်၊ ဘာကြောင့်လဲ ရှင် သိရဲ့လား၊ ရှင့်ကို အလိုရှိရလွန်းလို့ပဲပေါ့၊ ဒါပေမဲ့ ရှင် သိစေချင်တာက ရှင့်ကို အလိုရှိနေသရွေ့တော့ ရှင့်အပေါ်မှာ ကျွန်မ ပြုစု စောင့်ရှောက်နေရမှာပဲ'

ပိုလီနာသည် စကားကို အဆုံးသတ်လိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်လေသည်။ သူသည် ကျွန်တော်နှင့် စကား ပြောတိုင်း အဆုံးသတ်တွင် စိတ်ဆိုးပြီး ပြန်လှျင် ပြန်၊ မပြန်လှျင်လည်း တစ်ခုခု စိတ်မကောင်း ဖြစ်ကျန်ရစ်အောင်တော့ လုပ်သွားစမြဲ ဖြစ်သည်။

'ဒါနှင့် နေပါဦး ပိုလီနာ၊ ခင်ဗျား မလီ ဘလန်ချဲက ဘယ်လို လူလဲ ပြောပါဦး'

mgyoe.com

mgyoe.com SAMPLE BOOK

'ကျွန်မ ရှင်းပြစရာ လိုသေးလား၊ မလီ ဘလန်ချဲ့ အကြောင်း ရှင်က ပိုသိမှာပေါ့၊ ခုထိတော့ ထူးထူးထွေထွေ ဘာမှ မဖြစ်သေးပါဘူး၊ ဒါပေမဲ့ ကျွန်မကတော့ စိတ်ထဲက သိနေပါတယ်၊ မလီ ဘလန်ချဲ့ဟာ မကြာခင်မှာ ဗိုလ်ချုပ်ကတော် ဖြစ်လာမှာ မုချပဲ၊ အင်း အသွား ဆုံးပြီ ဆိုတဲ့ ကောလာဟလ သတင်း မှန်ရင်ပေါ့လေ'

'ဒါနှင့် ဗိုလ်ချုပ်က သူ့ကို သဲသဲမဲမဲ ချစ်နေလို့လား'

'ဒါက ခုမှတော့ ပြဿနာ မဟုတ်တော့ပါဘူးရှင်၊ ကဲ ဒီမှာ ရော့၊ ဒီငွေ ခုနစ်ရာ ယူပြီး နိုင်အောင် သွားကစားစမ်းပါ၊ ဘယ်လောက် နိုင်နိုင် နိုင်အောင် ကစားပေး၊ ကျွန်မ ငွေ သိပ်လိုနေတယ်၊ ဘယ်လောက် ရရ ရသလောက် လိုတယ်ရှင်'

ထို့နောက် ကလေးကို ခေါ်ပြီး ပိုလီနာသည် ကာဆီနိုဘက်သို့ ထွက်ခွာသွားလေသည်။

သူ ထွက်သွား၍ ကစားဝိုင်းဘက်သို့ ကျွန်တော် ထွက်ခွာလာခဲ့စဉ်၌ ကျွန်တော့် ဦးနှောက်ထဲတွင် ချာချာလည်လျက် ရှိ၏။ ကျွန်တော့်ကို ပိုလီနာက သုံးဆယ့်ခြောက်ကောင် ဝိုင်းတွင် သွား ကစားခိုင်းသည်မှာလည်း ကျွန်တော့် ခေါင်းကို အုတ်ခဲနှင့် ထုလိုက်သလို ခံစားရသည်။ ကျွန်တော့် ရင်ထဲတွင်လည်း မဖွယ်ရာသော ဝေဒနာ တစ်ရပ်ကို တမြည့်မြည့် ခံစားနေရသလိုသာ ရှိလေသည်။

လွန်ခဲ့သော ရက်များ အတွင်း ခရီးသွားနေစဉ်က ဆိုလျှင် ယခု ပိုလီနာနှင့် တွေ့ရသည့် အချိန်တွင် ခံစားရသကဲ့သို့ မခံစားရဟု ဆိုချင်သည်။ သို့သော် သူ့ကို လုံးလုံး မေ့သလား ဆိုတော့လည်း မမေ့ခဲ့ပါ။ ဆွစ်ဇာလန် အသွား ရထားပေါ်တွင် မှေးခနဲ တစ်ချက် အိပ်ပျော်သွားစဉ် ပိုလီနာနှင့် အိပ်မက်ထဲတွင် တွေ့ပြီး စကားပြောခဲ့သည်များကို နှုတ်မှ ယောင်ယမ်း ရေရွတ်မိသောကြောင့် ဘေးက ခရီးသည်များ၏ ဝိုင်းရယ်ခြင်းကိုလည်း ခံခဲ့ရသည်။ ယခုမူ ကိုယ့်ကိုယ်ကိုယ် ပြန်မေးရပြန်ပြီ။

'ငါ သူ့ကို ချစ်နေမိပြီလား' သည်မေးခွန်းကို အရင်ကလည်း မေးခဲ့ရသည်မှာ မနည်းတော့ပြီ။ သို့တိုင်အောင်လည်း အဖြေမရခဲ့။ ယခုလည်း အဖြေက ပေါ်မလာ။ စိတ်ထဲမှသာ စနိုးစနောင့်နှင့် ခံစားရသည်။ စိတ်ထဲကတော့ သူ့ကို မုန်းသည်ဟု အကြိမ် တစ်ရာမကပင် ရေရွတ်လိုက်မိသည်။ သူနှင့် ကျွန်တော် စကား ပြောပြီး ဆုံးသတ်သည့် အခါတိုင်း ကျွန်တော့်မှာ ခံပြင်းမှု ဝေဒနာကို ခံစားခဲ့ရသည်ချည်း ဖြစ်၏။ တစ်ခါ တစ်ခါတော့ လက်ထဲမှာသာ ထက်မြက်

mgyoe.com

mgyoe.com SAMPLE BOOK

ချွန်မြသော ဓားတစ်ချောင်း ရှိမည် ဆိုလျှင် သူ့ရင်ဝ တည့်တည့်ကို ကျွန်တော် ထိုးချလိုက်မိမည်။

သည်စိတ်မျိုး ဖြစ်ရသလို အကယ်၍သာ ပိုလီနာက ကျွန်တော့်အား ရှလန် ဂျင်ဘတ် တောင်ထိပ်မှ နေ၍ 'ရှင် ခုန်ချပြီး သေလိုက်ပါလား' ဟု ပြောလျှင် ကျွန်တော် တစိုးတစိမျှ တွေဝေမိမည် မဟုတ်။ လွှားခနဲ ခုန်ချလိုက်မိမည်မှာ မြေကြီးလက်ခတ် လွဲမည် မထင်ပေ။

တကယ်တော့လည်း သူနှင့် ကျွန်တော်က အလှမ်း ဝေးလွန်းလှပါသည်။ ကျွန်တော့် အိပ်မက်ရိုင်းများမှာလည်း အစစ်အမှန်တွေ ဖြစ်လာရန် အကြောင်း မရှိသည်ကိုလည်း ကျွန်တော် သိပါသည်။

သို့ရာတွင် သူ ပြောသွားသည့် စကားလုံးတွေက ပွင့်လင်းလွန်းလှချေ၏ တကား။ အသည်းနှလုံးမှာ ထိခိုက်လွန်းလှချေ၏တကား။ မဖြစ်နိုင်မှန်း သိ၍ များ သူ ကျွန်တော့် အပေါ် သည်လို ဆက်ဆံ နေလေရော့သလား။ ရှေးအခါက ကျွန်များ ရှေ့တွင် မင်းသမီးများ ဝတ်လစ်စလစ် နေရမည်ကို မရှက်၊ မစိုးရိမ်ရ။ ကျွန်ကိုမူ သူတို့က လူလို သဘောမထားခြင်းကြောင့် လွတ်လပ်ချင်တိုင်း လွတ် လပ်ခဲ့ကြဖူးသည်။ ပိုလီနာသည်လည်း ကျွန်တော့်ကို အစွယ် မရှိသော ကျားလို ကျွန်စာရင်းမှာ ထားလေသလား။ တစ်ခါတစ်ရံ သူ ပြုံပုံမူပုံတွေက ကျွန်တော့်ကို လူသား ယောကျ်ားလို့ပင် မှတ်သေးရဲ့လားဟု ကျွန်တော် တွေးရတော့သည်။

သူက သုံးဆယ့်ခြောက်ကောင်ကို နိုင်အောင် ကစားခဲ့ဟု အမိန့် ချမှတ် သွားသည်။ ကျွန်တော့် အနေနှင့် ဘာကြောင့် ကစားရမှာလဲဟု စဉ်းစားရန် အချိန် မရှိတော့။ သူ ပြောသည့် အတိုင်း ကစားရန်က လွဲ၍ ကျွန်တော့်မှာ ထွက်ရာ လမ်းပေါက် ပျောက်ခဲ့ပြီတည်း။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၂

ဟိုတယ်တွင်းသို့ ဝင်ခဲ့ပြီး ကစားဝိုင်း ရှိရာ အခန်းထဲသို့ ရောက်လာသည့်တိုင် ကျွန်တော်သည် စိတ်ပါလက်ပါ မရှိ။ ကစားဝိုင်းသို့ ဝင်မည်ဟု စိတ်က ဆုံးဖြတ်ပြီး ဖြစ်သည်မှာ မှန်သော်လည်း သူများ အတွက် ကစားရမည် ဆိုသည်ကိုမူ စိတ်မသန့် ဖြစ်နေမိ၏။

ကစားဝိုင်း အနီးသို့ ရောက်၍ ပတ်ဝန်းကျင် တစ်ခုလုံးကို သတိထားပြီး ကြည့်လိုက်မိတော့လည်း မျက်စိထဲတွင် မြင်ရသမျှ ဘာတစ်ခုကိုမျှ မနှစ်မြို့ပေ။ သတင်းစာတွေထဲမှာ ရေးကြီးခွင်ကျယ် လုပ်ပြီး ရေးထားတာတွေကို မြင်ရတော့လည်း စိတ်ထဲတွင် ခံပြင်းမှုက ပို၍ ပြင်းထန်လာလေသည်။ အထူးသဖြင့် ရုရှား သတင်းစာတွေကို ပိုပြီး ဒေါသ ဖြစ်မိသည်။ ရုရှား သတင်းစာတွေထဲမှာ ပါသည့် သတင်း ဆောင်းပါးများ အားလုံးကို ခြုံကြည့်လျှင် ရိုင်းမြစ် တစ်ကြောက ကစားဝိုင်းတွေ၏ ခမ်းနား ကြီးကျယ်ပုံတွေ၊ ကစားဝိုင်း စားပွဲခုံတွေပေါ်မှာ ရွှေတွေ ငွေတွေ အစုလိုက် အပုံလိုက် ချကစားပုံတွေ အကြောင်းက လွဲ၍ ဘာမျှ မည်မည်ရရ မပါကြ။ အလွန် စိတ်ပျက်စရာ ကောင်းလှသည်။ တကယ့် တကယ် သူတို့ ရေးသလို ကစားဝိုင်းတွေက ကြီးကျယ် ခမ်းနားလှသည် ဆိုခြင်းမှာလည်း အဓိပ္ပာယ် မရှိ၊ ရွှေတွေ ပုံတိုက် ချကစားသည် ဆိုခြင်းမှာလည်း မဟုတ် မမှန်သော သတင်းများသာ ဖြစ်လေသည်။

ကျွန်တော့် ဘဝတွင် ကစားဝိုင်းတွင်းသို့ ငွေထုပ် ပိုက်ပြီး ဝင်ကစားရခြင်းမှာ ဤတစ်ကြိမ်သည် ပထမဆုံး အကြိမ် ဖြစ်ပါသည်။ ကစားဝိုင်း ရှိရာ အခန်းထဲသို့ ရောက်နေပြီ ဖြစ်လျက် ကျွန်တော့်မှာ တော်တော်နှင့် စိတ်ကို ယတိပြတ် မဆုံးဖြတ်နိုင်သေးဘဲ တွေဝေနေမိသည်။ ကျွန်တော်သာ အကယ်၍ တစ်ကိုယ် တစ်ဆန္ဒ သဘော အရ လုပ်နိုင်မည် ဆိုလျှင်လည်း ကျွန်တော် ဤလောင်းကစားမှုမျိုးကို ဘယ်နည်းနှင့်မျှ လုပ်မိလိမ့်မည် မဟုတ်ပေ။

mgyoe.com

mgyoe.com SAMPLE BOOK

အမှန် အတိုင်း ဝန်ခံရလျှင် ဖဲမကစားမီ အချိန်၌ ကျွန်တော့် ရင်တွေ တဒုန်းဒုန်း ခုန်နေလေတော့သည်။ သွေးဆူ၍ ရင်ခုန်နေစေကာ ကျွန်တော့် ခန္ဓာကိုယ်သည် ပူနွေးခြင်း မရှိ။ ခြေဖျား လက်ဖျားတွေ အေးနေကြ၏။

ယခင်က ဆိုလျှင် ကျွန်တော်သည် ဤ ရိုဒင်ဘာ့လ်မြို့ (ကစားဝိုင်း မြို့) ကို တစ်နည်းတစ်ဖုံ ပြောင်းလဲသွားအောင် မလုပ်ဘဲ ဤမြို့မှ ထွက်ခွာမသွားဖို့ပင် စိတ် ဆုံးဖြတ်ခဲ့ဖူးသည်။

ဤသုံးဆယ့်ခြောက်ကောင် မြို့တော်မှ စ၍ ကျွန်တော့် ဘဝကို ပြောင်းလဲပစ်ဖို့လည်း မျှော်လင့်ထားခဲ့ဖူးသည်။ အမှန်တော့ သုံးဆယ့်ခြောက်ကောင် မြို့တော် ပတ်ဝန်းကျင်က အယူအဆတွေသည် တော်တော် ရယ်စရာ ကောင်းပါသည်။ ကစားဝိုင်းကနေပြီး ကြီးပွားဖို့ မျှော်လင့်သည်ကပင် ရယ်စရာ တစ်မျိုးကောင်းသည်။

အမှန်တော့ တခြားသော ငွေရှာနည်းများနှင့် နှိုင်းစာလျှင် အဘယ်ကြောင့် ကစားဝိုင်း ထောင်ခြင်းက ကုန်သည် ပွဲစား ခေါင်းပုံဖြတ်သမားတို့ထက် ပို၍ ဆိုးသည်ဟု ယူဆကြပါလေသနည်း။ မှန်ပါသည်။ ကစားဝိုင်းမှာတော့ တစ်ယောက်သာ နိုင်ပြီး တစ်ရာ ရှုံးရသည်။ သည်လိုပင် ကုန်သည် ပွဲစား အမြတ်ကြီးယူ ခေါင်းပုံဖြတ် လုပ်ငန်းတွေမှာလည်း တစ်ယောက် ကြီးပွားပြီး တစ်ရာ ဆင်းရဲနေကြရသည်သာ ဖြစ်၏။ အကြောင်းထူးသည်လို့တော့ဖြင့် ကျွန်တော်မထင်ပါ။

ကျွန်တော့် စိတ်ထဲတွင် မတင်မကျ ဖြစ်ရသည့် အချက် တစ်ချက်သာ ရှိပါသည်။ ဤလောင်းကစားမှု လုပ်ငန်းကို ကိုယ်ကျင့်တရား သဘောနှင့် ကြည့်လျှင် ယုတ်မာ ညစ်ညမ်းသည်၊ မသန့်ရှင်းသော အလုပ် ဖြစ်သည်ဟု ကျွန်တော် ထင်သည်။

မသန့်ရှင်း ညစ်ညမ်းသည်ဟု ကျွန်တော် ဆိုခြင်းမှာ လောဘစိတ် တစ်ခုတည်းကြောင့် မဟုတ်၊ ကစားဝိုင်း ပတ်ပတ်လည်ရှိ လူ တစ်ရာ တစ်ထောင် အကုန်လုံး၏ မျက်နှာတွေကို အကဲခတ်ကြည့်လျှင် ပေါက်ကောင် မဖွင့်မီကလေးတွင် မသက်မသာ ခံစားနေရသည့် ပုံမှာ စိတ်မချမ်းသာစရာ ကောင်းလှပါသည်။

ကျွန်တော့် အနေနှင့်တော့ လူတွေ၏ ငွေကို ရသလောက် လိုချင်သော စိတ်၊ နိုင်ချင်သော စိတ်မျိုးကို ပုထုဇဉ် ဘာဝ အပြစ် မဆိုချင်တော့။ လူတွေမှာ အမြတ်ရချင်၊ နိုင်ချင်၊ တစ်ကိုယ်တည်း ကြီးပွားချင်သော စိတ်ရှိသည်မှာ ကစားဝိုင်း တစ်နေရာတည်းတွင်သာ ရှိကြသည်ကား မဟုတ်။ ဘယ်နေရာမဆို ရှိကြ


mgyoe.com

mgyoe.com SAMPLE BOOK

သည်သာ ဖြစ်၏။ ဘာမျှ မလုပ်ဘဲ သူတစ်ပါး လုပ်စာကို ညှစ်ယူပြီး ကြီးပွား ဖို့ လုပ်နေကြသည်ကလည်း ဒုနှင့်ဒေး များလှပါဘိ။ အမြတ်အစွန်းနှင့် အနိုင် သဘောတို့သည် ညစ်ညမ်းသလား၊ မညစ်ညမ်းဘူးလား ဆိုသော ပြဿနာမှာ ကျွန်တော့် အဖို့ ဤနေရာတွင် ဖြေရှင်းနေရမည့် ပြဿနာလည်း မဟုတ်ပေ။

ကစားဝိုင်းတွင်းသို့ ဝင်လာသည် ဆိုကတည်းက ကျွန်တော့် စိတ်ထဲတွင် နိုင်ချင်၍ ဝင်လာခြင်းသာ ဖြစ်သည်။ ဤ လောဘမူစိတ်၊ ဤ ရမ္မက်သည်သာ ကိုယ်နှင့် ထက်ကြပ်မကွာ ပါလာခဲ့၏။ တကယ်တမ်း လူအချင်းချင်း ပွင့်ပွင့် လင်းလင်း ဟန်မလုပ်ဘဲ ပြောကြရလျှင်လည်း တပ်မက်မှုကလေးနှင့် အသက် ရှင်ရခြင်းက ပို၍ နေပျော်သည်မှာ အမှန် ဖြစ်ပါသည်။ သို့ရာတွင် လူတွေက ကိုယ့်ကိုယ်ကိုယ် အဘယ်ကြောင့် လှည့်ဖြားဖို့ ကြိုးစားနေကြလေသည် မသိ။

ကစားဝိုင်းကို သေသေချာချာ အကဲခတ် ကြည့်လိုက်သော အခါ နှစ်မျိုး နှစ်စား ကွဲပြားနေသည်ကို တွေ့ရသည်။ ဖဲဝိုင်း၌ ဖြစ်စေ၊ အန်စာဝိုင်း၌ ဖြစ်စေ၊ သုံးဆယ့်ခြောက်ကောင်ဝိုင်း၌ ဖြစ်စေ အစုလိုက် တိုးဝှေ့ပြီး ကစားနေကြသော အောက်တန်းစား လူရှုပ် လူပွေတွေလည်း ရှိသည်။ အခြား တစ်ဖက်တွင် ဂုဏ် သရေရှိ လူကြီးများ၏ သိက္ခာရှိရှိ ကစားကြသော ကစားဝိုင်းလည်း ရှိသည်။

လူကြီး လူကောင်းများ ဝိုင်းတွင် ကစားကြပုံမှာ လောဘမူစိတ် အရင်း ခံဖြင့် ကစားကြခြင်း မဟုတ်။ အပျော် သဘောဖြင့် ကစားကြသည်။ ဂျာမန်ငွေ ဖြစ်ဖြစ်၊ ပြင်သစ်ငွေ ဖြစ်ဖြစ် တစ်ခါ ကစားလျှင် ငါးကျပ် တစ်ဆယ်ထက် ပို မကစား။ တစ်ယောက်က နိုင်လျှင် အားရပါးရ ခွက်ထိုးခွက်လှန် ဟက်ဟက် ပက်ပက် ရယ်လိုက်၊ တစ်ဖက်က ပြိုင်ကစားသူကို ပညာ ပြိုင်သည့် အနေနှင့် စလိုက် လုပ်ကာ ပျော်ကြသည်။ သူတို့မှာတော့ ဉာဏ်စမ်းသည့် သဘော၊ ပညာ ပြိုင်သည့် သဘော အပျော် ကစားကြသဖြင့် တကယ့် တကယ် နိုင်လိုစိတ်၊ လောဘစိတ် မရှိကြသည်မှာ ထင်ရှားသည်။

မိမိတို့ ကိုယ်တိုင်က ချမ်းသာ ကြွယ်ဝပြီး ဖြစ်၍ လောင်းကစားခြင်းကို စီးပွားရေး အမြတ်ရှာ လုပ်ငန်း တစ်ခု အဖြစ် သဘောမထား၊ အပျော်လောက် သာ သဘောထားကြသည်မှာ ပဒေသရာဇ် သူကောင်းမျိုးတို့၏ အလေ့အထ တစ်ခုပေပဲ ထင်မိသည်။

သည်လို ထင်ရခြင်းမှာ အချို့ မိဘများက ဆယ့်ခြောက်၊ ဆယ့်ခုနစ် အရွယ် မိန်းမပျိုများကိုပင် ရွှေစ ငွေစများ ထုတ်ပေးပြီး လောင်းကစားမှုကို ဝါသနာ ထုံ လာအောင် သင်ပေးတတ်ကြသေးသည့် အတွက် ဖြစ်ပေသည်။ ဤ အမျိုးကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

သမီးကလေးများမှာ နိုင်နိုင် ရှုံးရှုံး အပြုံး မပျက်။ ကစားလိုက်ရခြင်းကိုပင် ရယ်ကာမောကာ မျက်နှာငွေလ ရွှင်ပျပျနှင့် ဝမ်းမြောက် ကျေနပ်ကြလေသည်။

ကျွန်တော်တို့ ဗိုလ်ချုပ်သည် ကျွန်တော် ဤသို့ အကဲခတ် စဉ်းစားနေစဉ်မှာပင် ပြည့်ဝသော ဣန္ဒြေကြီးနှင့် ရိုးလက် အန်စာဝိုင်းဘက်သို့ ထသွားသည်ကို တွေ့ရသည်။ သူ့နောက်ကတော့ လက်ပါးစေ တစ်ယောက်က ပျာပျာသလဲနှင့် လိုက်ပြီး ထိုင်ခုံ တစ်ခု ထိုးပေးသည်။ ဗိုလ်ချုပ်ကတော့ ထိုလက်ပါးစေကို ဂရုစိုက်ခြင်း မရှိဘဲ ကုလားထိုင်ပေါ်တွင် ထိုင်လိုက်လေသည်။ သူ့ အမူအရာများမှာ တည်ငြိမ် ခံ့ညားမှု အပြည့် ရှိသည်။ ဗိုလ်ချုပ်သည် ပိုက်ဆံအိတ်ကို ဆွဲထုတ်လိုက်ပြီးနောက် ပိုက်ဆံအိတ်ထဲမှ ဖရန့် ရွှေဒင်္ဂါး သုံးရာကို ထုတ်ယူသည်။ ထိုငွေများ အားလုံးကို တစ်လက်တည်း အမည်းကွက်ပေါ်တွင် ထိုးလိုက်သည်။

ပထမ အလက်တွင် ဗိုလ်ချုပ် ထိုးသည့် အတိုင်း ပေါက်သဖြင့် ဒိုင်က ဒင်္ဂါး သုံးရာ လျော်သည်။ သို့သော် သူ့ အနိုင်ကို ဗိုလ်ချုပ်က ပြန်မနုတ်သေးဘဲ နောက်ထပ် တစ်လက် ထပ်မံ အောလိုက်သည်။ သည်တစ်ကြိမ်တွင်မူ သူ့ငွေတွေကို စားပွဲပေါ်တွင် ပုံထားခဲ့ပြီး သူ အပြင်ဘက်သို့ လှည့်ထွက်ခဲ့၏။ စောစောက အတိုင်း အနက်ပင် ပေါက်ပြန်ရာ စားပွဲပေါ်တွင် ရွှေဒင်္ဂါး ထောင့်နှစ်ရာတိတိ ဖြစ်လာသည်။ သည်တစ်ကြိမ်တွင်လည်း အနိုင်ကို နုတ်ယူခြင်း မရှိဘဲ ထောင့်နှစ်ရာစလုံး အနက်ပေါ်မှာပင် အောလိုက်ပြန်၏။ သို့သော် ယခု အကြိမ်၌ အနီ ပေါက်သဖြင့် ထောင့်နှစ်ရာလုံးလုံး ဒိုင်က စားသွားလေတော့သည်။

ဗိုလ်ချုပ်ကား ဘာတစ်ခွန်းမှ မပြော။ ကျေကျေနပ်နပ် ပြုံးကာ အပြင်ဘက်သို့ ထွက်သွားလေတော့သည်။

သူ ထွက်သွားသော်လည်း ကျွန်တော် တစ်မျိုး စဉ်းစား ကျန်ရစ်ခဲ့သည်။ အပေါ်ယံက သူ ဘယ်လောက် သိက္ခာကြီး ထိန်းပြီး ပြုံးနေ ပြုံးနေ သူ့ ရင်တွင်း၌မူ ရင်တွင်း လှိုင်းဂယက်တို့ အုံကြွ ခက်ထန်နေမည်သာ ဖြစ်၏။ နောက်ထပ် တစ်ကြိမ်၊ နှစ်ကြိမ်သာ သူ ဆက်လက် အနိုင် ရပြီး ငွေပုံကြီးကို မြင်ရလျှင် ဘယ်နည်းနှင့်မျှ သူ ဣန္ဒြေဆည်ပြီး နေနိုင်မည် မဟုတ်ဟု ကျွန်တော် ထင်သည်။ ပြင်သစ် လူမျိုး တစ်ဦးကိုတော့ တွေ့ဖူးပါ၏။ ကျွန်တော့် မျက်စိ အောက်မှာပင် ရွှေဒင်္ဂါး သုံးသောင်း အထိ အနိုင် အရှုံး ဖြစ်သွားသည်။ သို့သော် သူ့မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှုမျိုး တစိုးတစိမျှ ပေါ်မလာခဲ့။ တကယ့် လူကုံထံတို့သည် ဘဝ တစ်ခုလုံး ဆုံးရှုံးရစေကာလည်း ပူပင် သောက ရောက်ခြင်းကို ဖော်

mgyoe.com

mgyoe.com SAMPLE BOOK

ပြခြင်း မရှိတတ်ကြသည်မှာ ဓမ္မတာပေပဲလား။ လူကုံထံတို့၏ သမာဓိကို ကြည့်မြင်ရသည်မှာ မိမိတို့၏ သိက္ခာကို ငွေထက် တန်ဖိုးထားလိုပဟန်မျိုး ရှိကြသည်။ အမှန်တော့ ဤသဘောတို့သည် သူကောင်းမျိုးတို့၏ ပတ်ဝန်းကျင်ကို ပြလိုသည့် ဟန်လုပ်မှု တစ်ရပ်သာ ဖြစ်ပေသည်။

ကစားသမား လူရုပ် လူပွေများမှာ လောင်းကစားမှုကို တပ်တပ်မက်မက် လုပ်တတ်ကြသည်ကို တွေ့ရသည်။ သူတို့သည် ကစားကြကတည်းက ငွေရလိုမှု လောဘနှင့် ကစားကြသည်။ သည်ကတည်းက ကျွန်တော့် စိတ်ထဲတွင် ခိုးမှု ဝှက်မှုတွေ ဖြစ်ရသည်မှာ လောင်းကစားမှုက အခြေခံပဲ ဖြစ်ရမည်ဟု ယုံကြည်လာမိလေသည်။ လောင်းကစားပွဲများတွင် အလစ် သုတ်မည့် သူများကလည်း ဘေးက ချောင်းမြောင်းနေကြသည်။ များသောအားဖြင့် သည်လူတွေသည် ပြင်သစ်ပြည်သားများ ဖြစ်ကြသည်ကို ကျွန်တော် သတိထားပြီး လေ့လာကြည့်မိသည်။

အမှန်မှာ ကျွန်တော်က ကစားဝိုင်း အကြောင်းကို စာဖွဲ့ဖို့ လေ့လာနေမိခြင်း မဟုတ်ပါ။ ကျွန်တော် ဝင်ကစားနိုင်မည့် အကွက်ကောင်း ရောက်ချိန်ကို လေ့လာနေမိခြင်းသာ ဖြစ်ပါ၏။ သည် ပတ်ဝန်းကျင်တွင် နောင် အရှည်သဖြင့် ဝင်ဆံ့အောင် ဘယ်ပုံ ဘယ်နည်း နေထိုင် ဆက်ဆံသွားရမည်ကို စဉ်းစားနေမိခြင်းသာ ဖြစ်၏။ ပိုက်ဆံကို ချထိုးလိုက်၊ နိုင်လျှင် နိုင်သည့် ပိုက်ဆံကို အိတ်ထဲပြန်ထည့်လိုက် လုပ်နေကြသည့် လှုပ်ရှားမှုများမှာ ဘယ်နေရာ ကြည့်ကြည့် မြင်ရသော အမူအရာ ဖြစ်သည်။ တစ်ခါ တစ်ခါ တစ်ယောက်တစ်ပေါက် အော်ကြီးဟစ်ကျယ် ပြောဆို ငြင်းခုံသံများလည်း မကြာ မကြာ ကြားရသည်။

ပထမတော့ မြင်ရ ကြားရသမျှ အထိအတွေ့များက ကျွန်တော့် အဖို့ မျက်စိရှုပ်စရာ ဖြစ်နေကြလေသည်။ သည်ကြားထဲက ကျွန်တော်သည် ပေါက်တတ်သည့် စုံဂဏန်း မဂဏန်းများ၊ အရောင်များကို ခွဲခွဲခြားခြား မှတ်သားလာမိသည်။

ပထမဆုံး အကြိမ် ပိုလီနာ အလက်ဇန်းဒရိုဗနာ၏ ငွေထဲမှ တစ်ရာတိတိ ထိုးစမ်းကြည့်ရန် ကျွန်တော် စိတ်ဆုံးဖြတ်လိုက်၏။

ငွေတစ်ရာကို ချထိုးလိုက်သည့် အချိန်၌ မိမိသည် ကိုယ့်ငွေနှင့် ကိုယ်ကစားနေရခြင်း မဟုတ် ဆိုသော အသိက ဝင်လာသည်။ သူ့ငွေမို့ ဆုံးရှုံးမည့်အရေးကိုလည်း စိတ်ပူနေ၏။ သက်ာက မကောင်း၊ စိတ်က မရှင်းနှင့် ရင်ထဲမှာ ဝေဒနာ တစ်ရပ်သည်သာ မသိမသာ စွဲကပ်လာလေတော့သည်။ သည်စိတ်ဝေဒနာမျိုးမှာ တော်တော် ခံရခက်သော ဝေဒနာမျိုး ဖြစ်သည်။ နောက်ဆံ မတင်းဘဲ

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ရှင်းရှင်း ထားပြီးသာ အလုပ် တစ်ခုကို လုပ်လိုက်ချင်ပါသည်။ တတ်နိုင်သလောက် စိတ်ကို ဖြေသာအောင် ကြိုးစားပြီး ဖြေနေရသည်ကလည်း တစ်မှောင့်ပင်။ ပထမဆုံး အကြိမ် ပိုလီနာ အတွက် ကစားပေးရသည်မှာ ကျွန်တော့်အတွက် လာဘ်ပိတ်သည့် အဖြစ်မျိုးများ ရောက်လေမလား။ ကိုယ့်လာဘ် ကိုယ်ပိတ်သည့် အနေများ ဖြစ်လေမလား။

ကျွန်တော် ထင်ပါသည်။ ကျွန်တော်ကဲ့သို့ပင် လောင်းကစားသူတိုင်း အယူသီးပြီး အစွဲအလမ်း ကြီးတတ်ကြသည်။ လာဘ်လာဘကို ယုံကြည် စွဲလမ်းတတ်ကြသည်။ ကစားသမား ဖြစ်လျှင် လာဘ် မယုံကြည်သူ မရှိဟု ကျွန်တော် ထင်ပါသည်။

ပိုလီနာ ငွေထဲမှ ငါးဆယ်တန် တစ်ရွက်ကို ထုတ်ယူပြီး စုံ ဂဏန်းပေါ်တွင် ချထိုးလိုက်သည်။ အန်စာများ ကျလာသော အခါ ၁၃ ဂဏန်း ဖြစ်နေသဖြင့် ကျွန်တော့် ငွေငါးဆယ်တန် ပါသွားလေပြီ။ ငါးဆယ် ရှုံးသွားသဖြင့် ရင်ထဲက ပူပူလောင်လောင် ဖြစ်လာ၏။ စိတ်မပါ့တပါနှင့် နောက်ထပ် ငါးဆယ်တန် တစ်ရွက် ထုတ်ယူပြီး အနီကွက်ပေါ်တွင် ချထိုးလိုက်ပါသည်။ သည်တစ်ကြိမ် စားသွားဦးမည် ဆိုလျှင်တော့ ထပြန်ဖို့လည်း စိတ်က ဆုံးဖြတ်လိုက်၏။ သို့သော် ကျွန်တော် ကံကောင်းပြီး အနီ ပေါက်သည်။ လျော်ငွေ ငါးဆယ်နှင့် အတူ တစ်ရာလုံးလုံး မနုတ်ဘဲ အနီပေါ်မှာပင် ဆက်ထိုးလိုက်ပါသည်။ အနီမှတ်ပင် ပေါက်ပြန်၏။

ကျွန်တော့် ဘဝကံ စနာလန်ထပြီဟု ဆိုရမည်လား မသိတော့ပါ။ ယုံယုံကြည်ကြည်နှင့်ပင် လျော်ငွေ အားလုံးကို အနီ၌ပင် အောလိုက်ပြန်၏။ အနီပင် ပေါက်လာပြန်၏။ ကျွန်တော့် ကံကို ကျွန်တော် ယုံလေပြီ။

ငါးဆယ်တန် ရှစ်ရွက်၊ ငွေလေးရာတိတိ တစ်ထိုင်တည်းနှင့် ဖြစ်ပြီ။ ငွေငါးဆယ်က လေးရာ ဖြစ်ပြီ။ ဤအချိန်တွင် ရင်ထဲက ခံစားမှု တစ်ခု သိသိသာသာ ပေါ်လာပါသည်။ ကျွန်တော် ရှေ့ဆက်ပြီး အမိုက်ခံကာ မထိုးချင်တော့ပေ။ နေက်တစ်ကြိမ် ထပ်မလောင်းတော့ဘဲ ထပြန်ရန် ဆုံးဖြတ်လိုက်သည်။ ကိုယ့်ကိုယ်ကိုယ် ပြန်သတိထား ဆင်ခြင်မိသော အခါ ကိုယ့်ငွေနှင့်ကိုယ် ကစားလျှင် ဤကဲ့သို့ပဲ တစ်ခုတည်း ပုံချပြီး မကစားဖို့ကိုလည်း တိုက်တွန်းနေသယောင် ရှိ၏။ သို့သော် စိတ်ကသာ ထချင်သည်၊ ကိုယ်က မထနိုင်တော့။

နောက်တစ်ကြိမ်တွင် ငွေလေးရာစလုံးကို စုံဂဏန်းပေါ်တွင် ပုံချလိုက်မိပြန်သည်။ ဤတစ်ကြိမ်တွင် လေးဂဏန်း ပေါက်သဖြင့် ကျွန်တော့်ကိုပင် လျော်ရ

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်သည်။ တစ်ထိုင်တည်းနှင့် ငွေရှစ်ရာ ပိုက်မိလျှင် ပိုက်မိချင်း ပိုလီနာ၏ မျှော်လင့်နေမည့် မျက်နှာကို မြင်ယောင်လာမိတော့သည်။ သူ့ကို သတိရကာမှ ဆက်မကစားတော့ဘဲ ကစားဝိုင်းထဲက ထွက်ခဲ့၏။

ပန်းခြံထဲတွင် ပိုလီနာတို့ကို မတွေ့ရတော့။ ဘယ်ဘက်သို့ လမ်းလျှောက်သွားကြလေသည် မသိ။ ဟိုဟိုသည်သည် လှမ်းကြည့်သော်လည်း မတွေ့ရတော့ပေ။ ပိုလီနာနှင့် ညဝိုင်းကျမှ ပြန်တွေ့ရတော့သည်။

ဗိုလ်ချုပ်က ကျွန်တော် ဖဲကစားသည်ကို မတားလိုသော်လည်း အလွန်အကျွံ ကစားမည်ကို စိုးရိမ်ပြီး ပြောသည်။

'ငါက မင်းကို ဘာ မလုပ်ရဘူး၊ ဘာ မကိုင်ရဘူးလို့ ပြောပိုင်ခွင့်တော့ မရှိပါဘူး၊ ဒါပေမဲ့ အလွန်အကျွံ ဖြစ်မှာကို မြင်လို့ ဝင်ပြောတာပဲ၊ အေး မင်း ကိုယ် မင်း သိတာက ပိုကောင်းတာပေါ့'

ဗိုလ်ချုပ်၏ စကားများမှာ သူ့ နဂိုဟန် ပြောမြဲတိုင်း ပြောခြင်းမျိုး ဖြစ်၏။ ကျွန်တော်က စိတ်ပါလက်ပါ မရှိလှဟန်ဖြင့် ပြန်ပြောလိုက်ပါသည်။

'ကျွန်တော့်မှာ ငွေ များများစားစား မရှိပါဘူး၊ သတိလက်လွတ် ဟော့ဟော့ရမ်းရမ်း ကစားလို့ ရှုံးချင်ဦးတော့ ရှုံးဖို့ငွေ မရှိပါဘူး ဗိုလ်ချုပ်'

ဤသို့ ပြောခဲ့ပြီးနောက် ကျွန်တော့် အိပ်ခန်းသို့ အပြန် အပေါ်ထပ် အရောက်တွင် ပိုလီနာ၏ အခန်းသို့ ဝင်ပြီး နိုင်လာသည့် သူ့ငွေများကို သူ့အား ပြန်ပေးလိုက်ပါသည်။

'ရော့၊ ခင်ဗျား အတွက် ကျွန်တော် နောက်ထပ် မကစားပေးနိုင်တော့ဘူး'

'ဘာဖြစ်လို့' သူက ခပ်ပြတ်ပြတ် မေးလိုက်သည်။

'ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော် နောက်ကို သူများ ငွေနှင့် မကစားချင်ဘူး၊ ကိုယ့်ငွေနှင့် ကိုယ်ပဲ ကစားချင်တယ်၊ သူများ ငွေနှင့် ကစားရတာ အင်မတန် နောက်ဆံတင်းရတဲ့ ကိစ္စပဲဗျာ'

'သြော် ရှင်က ခုထိ ဒီသဘော ထားတုန်းပဲကိုး၊ ကစားဝိုင်းကသာ ရှင့်ဘဝရဲ့ ထွက်ရပ်လမ်း ရှင့်ဘဝရဲ့ ကယ်တင်ရှင်လို့ မှတ်ယူတုန်းပဲကိုး၊ ဟုတ်လား'

သူ့စကားက ကျွန်တော့် အသည်းကို ကလိသလို ရှိလှသည်။ သူ့အမေး ထဲတွင် ပါနေသော အလှည့်ကလေးက ကျွန်တော့်ကို တွေဝေသွားစေပြန်သည်။ ကျွန်တော်က ဘာဖြေလိုက်မှန်း မသိ။ ပါးစပ်က လွှတ်ခနဲ ထွက်သွားသည်။

'ဟုတ်တယ်၊ ကျွန်တော် ကစားရင် နိုင်မှာပဲလို့လည်း ယုံကြည်တယ်'



mgyoe.com

mgyoe.com SAMPLE BOOK

ပိုလီနာသည် ကျွန်တော် နိုင်လာခဲ့သော သူ့ငွေတွေထဲမှ ကျွန်တော့်ကို တစ်ဝက် ခွဲပေးသည်။ နောင်ကိုလည်း နိုင်လျှင် တစ်ယောက် တစ်ဝက် ယူရန် သဘောတူပါက ဆက်ကစားပေးရန်လည်း တိုက်တွန်းနေ၏။

သို့သော် တစ်ဝက်ကိုလည်း ကျွန်တော် လက်မခံ။ သူတစ်ပါး အတွက် လောင်းကစားရခြင်းမျိုး ဆိုလျှင် ဘယ်လိုဟာမျိုးမှ လက်မခံလိုဟုလည်း ယတိပြတ် ပြောလိုက်ပါသည်။

'သူများ အတွက် မကစားချင်ဘူး ဆိုတာက မကစားချင်လို့တော့ မဟုတ်ဘူး၊ နိုင်ရင် အရေး မဟုတ်ပေမဲ့ ရှုံးရင် စိတ်မကောင်း ဖြစ်ရမှာက ရှိတယ်၊ လောင်းကစားတယ် ဆိုတာ ရှုံးဖို့လည်း သေချာတာပဲ'

'ဒါတော့ ဒါပေါ့ရှင်၊ ရှင့်အနေနှင့် ကျွန်မကို မိုက်တယ် ထင်ချင်လည်း ထင်နိုင်ပါတယ်၊ ကျွန်မကတော့ ဘဝ မျှော်လင့်ချက် မှန်သမျှကို လောင်းကစားမှု အပေါ်မှာပဲ အားကိုး တည်ဆောက်နေတယ်ရှင့်၊ ဒီတော့ ရှင် ကျွန်မ အတွက် ကစားပေးရမှာပဲ၊ ကျွန်မနှင့် စပ်တူပေါ့၊ စပ်တူ ဆိုတာက ဆိုးတူ ကောင်းဖက် ပါပဲ၊ ရှုံး အတူတူ နိုင် အတူတူ၊ ဘယ့်နှယ်လဲ၊ ရှင်ကတော့ ကျွန်မ အတွက် ဆိုရင် မငြင်းနိုင်ပါဘူး'

သူ့စကားလုံးများက ပြတ်သားသည်။ ပိုင်ပိုင်နိုင်နိုင် ရှိသည်။ နောက်ဆုံးတွင် ကျွန်တော်က ငြင်းသည်၊ မငြင်းသည်ကိုပင် သူ နားထောင်မနေတော့ဘဲ ကျွန်တော့်ကို ကျောခိုင်း ထွက်ခွာသွားလေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၃

မနေ့က တစ်နေ့လုံး ဖဲအကြောင်းနှင့် စပ်လျဉ်းပြီး တစ်ခွန်း တစ်ပါဒမျှ သူ့နှုတ်က ဖွင့်ဟ ပြောဆိုခြင်း မရှိတော့ပေ။ တတ်နိုင်သမျှ ရှောင်ဖယ်ဖယ် လုပ်ကာ ကျွန်တော်နှင့် စကား မပြောမိအောင် နေခဲ့သည်။ သူ့အမူအရာတွေကတော့ ကျွန်တော့် အပေါ်တွင် ဘာတစ်ခုမျှ ပြောင်းလဲခြင်း မရှိခဲ့ပေ။ ခါတိုင်းလိုပင် တွေ့ကြပြန်တော့လည်း သူက ကျွန်တော့်ကို လုံးဝ ဂရုမထား။ ဂရုမထားရုံသာမက အလိုမကျသည့် မျက်လုံးများဖြင့်လည်း တစ်ခါတလေ မကြည့်ချင်ကြည့်ချင် ကြည့်တတ်လေသည်။

သူ့အနေနှင့်ကလည်း ကျွန်တော့် အပေါ် မနှစ်မြို့သည့် လက္ခဏာများကို သိသိသာသာ ဖုံးကွယ်ဖို့ မကြိုးစားသည်ကိုလည်း ကျွန်တော် သတိ ထားမိပါသည်။ ဒီအပြင် တစ်နည်းတစ်လမ်းအားဖြင့် ကျွန်တော်က အလိုရှိလျှင်ပဲ ဖြစ်ဖြစ် သူက သူ့ကိစ္စ အတွက် ကျွန်တော့်ကို လိုလားပြန်လျှင်ပဲ ဖြစ်ဖြစ် တမင်တကာ တိမ်းရှောင်နေခြင်းမျိုး အထိတော့ သူသည် စိမ်းစိမ်းကားကား နေဖို့ ဆန္ဒ ရှိဟန် မတူပေ။ ဘယ်လိုရယ်လို့ ခွဲခွဲခြားခြား အမည် မဖော်ပြနိုင်သော ရင်တွင်း ခံစားမှု တစ်ခုသည်သာ ကျွန်တော်တို့ နှစ်ဦးကြားတွင် ရှင်သန် ကြီးထွားလာသည်။

ကျွန်တော်သည် သူ ဘယ်လိုများ သည်လောက် မာန ကြီးပြီး ဂုဏ်ရောက် စိတ်နေ မြင့်နေသည်ကိုသာ တွေးကြည့်မိတိုင်း နားမလည်နိုင်အောင် ရှိလှသည်။ ကျွန်တော် သူ့ကို အသည်းနှင့်အောင် ရူးမတတ် ချစ်နေရသည်ကို သူ သိပါသည်။ သိ၍လည်း ကျွန်တော့် ချစ်စိတ်တွေကို ဖွင့်ထုတ် ပြောဆိုသည့်တိုင် မကန့်ကွက်၊ ကြည်သာ ခွင့်ပြုနေသည်။

ကျွန်တော်က ကျွန်တော့် ရင်ထဲက ခံစားချက်တွေ၊ သူ့အပေါ် စွဲလမ်းခဲ့ရတာတွေကို ဘယ်လို ပြောပြော သူက ငြင်းလည်း မငြင်း၊ တားလည်း မတား၊ ပကတိ မတုန်လှုပ်လေဘိသို့ နေနိုင်ခြင်းသည် ကျွန်တော့် ရင်၌ ဖြစ်သော သူ့



mgyoe.com

mgyoe.com SAMPLE BOOK

အတွက် ချစ်စိတ်ဝေဒနာကို အရာမထား၊ ဂရုစိုက်စရာ မဟုတ်သလို ထင်မှတ်နေနိုင်ခြင်း လက္ခဏာပေပဲလားတော့ဖြင့် မဆိုနိုင်ပါ။

အရင်တုန်းကတော့ သူ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို တသီတတန်းကြီး ပြောပြခဲ့စေကာ ဘယ်အခါကမျှ ပွင့်လင်းခဲ့ဖူးသည်တော့ မရှိ။ တကယ်ဆိုလျှင် ကျွန်တော့် အပေါ်တွင် သူ ပွင့်လင်းဖို့ ကောင်းပါသည်။ ဖော်ရွေသင့်သလောက် ဖော်ရွေဖို့တော့ ကောင်းပါသည်။ ကျွန်တော့် အနေနှင့် သူ့ဘဝ ပတ်ဝန်းကျင် အခြေအနေတွေကို နားလည်တန်သလောက် နားလည်သည်ကို သူ သိတန် ကောင်း၏။ သူ့ဘဝမှာ အင်မတန် အရေးကြီးသည့် အချက် အချို့ကိုလည်း ကျွန်တော် သိနားလည်ခဲ့သည်။ ကျွန်တော် ကိုယ်တိုင် သိခွင့် သိခိုက် ကြုံ၍ သိခဲ့ရသည်ထက် သူကိုယ်တိုင်က လိုလိုလားလားနှင့် သူ့ဘဝ ပတ်ဝန်းကျင် အခြေအနေတွေကို ကျွန်တော့်အား ပြောပြ တိုင်ပင်သင့်ပါသေးသည်။ အကယ်၍ ကျွန်တော်သာ သူ့ဘဝတွင် အသုံးကျမည် ဆိုလျှင်လည်း ကျေးကျွန် တစ်ယောက်လို သဘောထားပြီးပဲ ခိုင်းခိုင်း ကျွန်တော် ဦးလေးခဲ့မည် မဟုတ်။ ယခုတော့ သူက အစစအရာရာ ထိမ်ချန်ခဲ့သည်။ တစ်ခါတစ်ရံ သူ့ဘဝမှာ ဘာတွေ ဖြစ်လို့ ဘယ်လို အရေးအခင်းတွေနှင့် ရင်ဆိုင်နေရသည်ကိုလည်း ကျွန်တော် အစ ရှာမရသဖြင့် သူ စိတ်ထဲ ထိခိုက်နေသည်ကို မြင်လျှင် သူ့ထက် ပို၍ ကျွန်တော်က စိတ်ထိခိုက်ရသည်။ သူ စိုးရိမ် ထိတ်လန့် ရှိပလား ဆိုမှဖြင့်လည်း သူ့ထက် ပို၍ ကျွန်တော်က အထိတ်တလန့် ဖြစ်ခဲ့ရ၏။

သို့ပါလျက် ရင်းနှီး ယုံကြည်မှုလောက်ပင် ကျွန်တော့် အပေါ် မထားခဲ့ခြင်းကိုတော့ ရင်နာလို့ မဆုံး ဖြစ်ခဲ့ရသည်။

သူ့အနေနှင့် ကျွန်တော့် အပေါ် ဤမျှ ခံစားရလေအောင် ပြုသင့်သလားဟုလည်း ကျွန်တော် တွေးမိရသည်။ သူ မရွှင်ပြုံးလေလျှင် ကျွန်တော်လည်း ညှိုးချုံးရသည်သာ ဖြစ်ရကား သူ့အနေနှင့် ကျွန်တော်သည် သူ့အတွက် ဤမျှ ဒုက္ခ မရောက်စေသင့်ဟုလည်း ထင်သည်။

လွန်ခဲ့သော သုံးပတ်လောက်က ရိုးလက် (အန်စာ) ဝိုင်းမှာ ကျွန်တော့်ကို သူက ကစားခိုင်းသည့် သူ့ အကြံကိုလည်း ကျွန်တော် သိပါသည်။ ကျွန်တော့်ကို သူ့အတွက် ကစားပေးရမည်ဟု အခိုင်အမာ ဆိုသွားခြင်းကလည်း မိန်းမသား တစ်ဦး အနေနှင့် သူကိုယ်တိုင် ကစားခြင်းသည် မသင့်လျော်သော ကိစ္စဖြစ်နေသောကြောင့် ဖြစ်၏။ သူ ပြောပုံ ဆိုပုံတွေထဲက လေယူလေသိမ်း မမှန်ကတည်းက သူ့မှာ တော်တော် စိတ်ဆင်းရဲစရာ အပူအပင် တစ်ခုတော့ ရှိနေမှန်း

mgyoe.com

mgyoe.com SAMPLE BOOK

လည်း ကျွန်တော် ရိပ်စားမိခဲ့သည်။ ငွေ လိုချင်သည် ဆိုသော်လည်း ငွေ ရရေးသည် သူ့ ဒုက္ခ၏ အရင်းခံ မဖြစ်တန်ရာ။ ငွေ လိုသည် ဆိုသည်မှာ ပြဿနာ တစ်ခုခု အတွက် လိုခြင်းသာ ဖြစ်ချေမည်။ ငွေကို ငွေရလျှင် ပြီးရော ဆိုသည့် အနေနှင့်တော့ ဘယ်သူမှ လိုချင်ကြမည် မဟုတ်။ ငွေကို တစ်စုံတစ်ခု အတွက် လိုချင်ကြသည်သာ ဖြစ်ကြပေသည်။

သူ့မှာ တော်တော် အရေးကြီးသည့် ပြဿနာ တစ်ခု ရှိမည်ကို ကျွန်တော် ခန့်မှန်းနိုင်ပါ၏။ သို့သော် ဤပြဿနာသည် ဘာပြဿနာ ဖြစ်သည် ဆိုသည်ကိုမူ တိတိကျကျ ကျွန်တော် မသိရပေ။ သူက ကျွန်တော့်ကို ကျေးကျွန် တစ်ယောက် အနှိမ်ခံ တစ်ယောက်လို နေရာတကာ လုပ်နေသည်မှာ မှန်၏။ သည်လို လုပ်နေမှုကပင် တစ်ကြိမ် တစ်ခါ၌ ကျွန်တော်သည် သူ့ကို ဖြောင့် ပွင့်ပွင့်လင်းလင်း မေးရသည့် အခွင့်အရေးမျိုး ဖန်တီးလာရမည်ဟု ကျွန်တော် ထင်ပါသည်။ သူ့ မျက်စိထဲမှာ ကျွန်တော်က အရာ မဝင်။ အဖိုး မထိုက်။ သူ့ ကျွန်သဘောက် လောက်သာ သဘောထားပြီး မြင်နေသရွေ့ ကျွန်တော် မေးလိုသည်ကို မေးလျှင် သူက ဟန့်တားမည်တော့ မဟုတ်ပေ။

ကျွန်တော်က မေးလိုရာတော့ မေးနိုင်ပေမည်။ သူကသာ ကျွန်တော် မေးသည့် မေးခွန်းကို ဖြေမည်၊ မဖြေမည်မှာ မသေချာပေ။ ဖြေချင်မှ ဖြေမည်ကိုလည်း ကျွန်တော် နားလည်ပါ၏။

တစ်ခါတစ်ရံများ ဆိုလျှင် ကျွန်တော့် အမေးတွေကို သူက အဖက်လုပ်ပြီး နားထောင်ချင်မှလည်း နားထောင်တတ်သည်။ ဤကား သူနှင့် ကျွန်တော်တို့ ဆက်ဆံနေရသည့် အခြေအနေ။

မနေ့ကတော့ သူ့ထံမှ ရိုက်လိုက်သော သံကြိုးကို တစ်စုံတစ်ရာ ပြန်ကြား ချက် မရသည့် အကြောင်းများကိုသာ အချိန် တော်တော်ကြာကြာ တဖွဖွ ပြောသည်။ ဗိုလ်ချုပ်ကလည်း အလုပ်ကိစ္စတွေ များပြီး စိတ်ရှုပ်နေလေသည်။ တစ်ဖက်ကလည်း အဘွား ကိစ္စက လောလောဆယ် ဆောင်ရွက်စရာတွေ ရှိသည်။ သည်အထဲ ပြင်သစ် ငနဲကလည်း အနှောင့်အယှက် ပေးနေသည်မှာ တစ်မှောင့်။ မနေ့ည ညစာ စားအပြီးမှာ သူတို့ အချင်းချင်း အတော် ပြင်းပြင်းထန်ထန် အချီအချ စကား များကြသည်။ ပြင်သစ်၏ လေသံမှာ ကျွန်တော်တို့ အားလုံး အပေါ်တွင် တော်တော် မာမာကျောကျော ခက်ခက်ထန်ထန် ရှိသည်။ သူ့ စကားလုံးများကလည်း တော်တော် ရိုင်းသည်။ ပိုလီနာ အပေါ်မှာပင် ခပ်ရိုင်းရိုင်း ပြောဆို ဆက်ဆံလာသည်။ နောက်ပြီးတော့ သူသည် ပြည်သူ့ ပန်းခြံထဲတွင် ပျော်ပျော်

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်ရှင် လမ်းလျှောက်သည်။ ပြီးတော့ မြို့ပြင် ထွက်ကာ မြင်းကို ကဆုန်ချ စီး သွားလေသည်။

မိုလ်ချုပ် အပေါ်၌ ပြင်သစ်၏ အနှောင်အဖွဲ့များ ဘယ်လို ရှိခဲ့သည်ကို ကျွန်တော် သိခဲ့သည်မှာ ကြာပါပြီ။ သူတို့ နှစ်ဦးသည် ရုရှားပြည်တွင် စက်ရုံ တစ်ရုံ ထူထောင်ဖို့ စီမံထားကြသည်။ သူတို့ အစီအစဉ်တွေ စပြီးပြီလား၊ သို့ မဟုတ် တိုင်ပင်ထားရုံမျှ ရှိသေးသလား ဆိုသည်ကိုတော့ ကျွန်တော် တိတိ ကျကျ မသိပါ။

ထို့ပြင် ကံအားလျော်စွာ အခါအခွင့် ကြုံသောကြောင့် ကျွန်တော်သည် အတွင်းရေး ကိစ္စ အချို့ကိုလည်း သိခဲ့ရသေးသည်။ ပြင်သစ်သည် လွန်ခဲ့သော နှစ်က မိုလ်ချုပ်အား အစိုးရ ငွေများ ပျောက်ဆုံးမှုတွင် ဝင်ကယ်သည့် အနေနှင့် ရူဘယ်ငွေ သုံးသောင်း ပေးကာ အစိုးရ အလုပ်မှ ထွက်စေခဲ့သည်။ ယခုတော့ မိုလ်ချုပ်သည် သူ့လက်ထဲ ရောက်နေခဲ့ပြီ။ သို့ရာတွင် ယခု အခြေ၌ လုပ်ငန်းကြီး တစ်ခုလုံးတွင် မလီ ဘလန်ချဲသာလျှင် အရေးအပါဆုံး အထိရောက်ဆုံး ဖြစ်နေ ပြီ။ ကျွန်တော် ယခု သိသမျှ အချက်အလက်များမှာ မမှားနိုင်ဟုလည်း ပြောနိုင် ပေသည်။

မလီ ဘလန်ချဲသည် ဘယ်သူနည်း။ ကျွန်တော်တို့ အသိုင်းအဝိုင်းထဲတွင် အင်မတန် ထင်ပေါ်သော ပြင်သစ်ပြည်သူ အမျိုးသမီး တစ်ယောက် ဖြစ်သည်။ သူ့နောက်တွင် သွားလေရာ မိခင်ကြီးက တကောက်ကောက် လိုက်လျက် ရှိ သော စည်းစိမ်ဥစ္စာ ကြီးမားလှသူဟုလည်း ဆိုရမည် ထင်သည်။ ကြားရ သိရ သလောက် ဆိုလျှင် ကျွန်တော်တို့ အမတ်ကြီး (မာကွစ်) နှင့်လည်း ဆွေမျိုး တော်စပ်သည်ဟု ဆိုကြသည်။

ကျွန်တော် ပဲရစ်မြို့သို့ သွားရောက်နေခဲ့စဉ် အခါက မလီ ဘလန်ချဲနှင့် ပြင်သစ်နှင့် သိကျွမ်း ရင်းနှီးပြီး ဧည့်ခံပွဲတွေ ခြိမ့်ခြိမ့်သဲ ဆင်နွှဲခဲ့ကြသဖြင့် ယခု ဆိုလျှင် အလွန့် အလွန် ရင်းနှီးနေကြလေပြီ။

ကျွန်တော်တို့ကိုတော့ သူတို့လို မကြွယ်ဝ၊ မချမ်းသာ၊ သာမန် ဆင်းရဲသား တွေလောက်သာ သဘောထားကြသဖြင့် သူတို့ အတွက် တစ်စုံတစ်ရာ အကုန် အကျ ပြန်ခံစရာ မလိုပါ။ သူတို့ တည်ခင်းသည့် ပွဲတွေကို တက်လျှင် တော် လောက်ပါပြီဟု ဆိုသည်။

လွန်ခဲ့သော တစ်ရက်က မစ္စတာ အက်စလေသည် မလီ ဘလန်ချဲနှင့် သူ့ အမေတို့အား ကြည့်နေပုံကို ကျွန်တော် အကဲခတ်လိုက်မိသည်။



mgyoe.com

mgyoe.com SAMPLE BOOK

သည်ကတည်းက သူသည် ဤအမျိုးသမီးတွေ အကြောင်း အတွင်းသိ ဖြစ်မည်ဟုလည်း ကျွန်တော် စဉ်းစားခဲ့မိသည်။

သူ ကြည့်နေပုံ အရ ဆိုလျှင် ပြင်သစ်နှင့်လည်း သူသည် ယခင် ယခင်ကတည်းက တွေ့ဖူး မြင်ဖူးခဲ့ဟန် တူသည်။ သို့သော် မစ္စတာ အက်စလေလို အရက် အကြောက် ကြီး၍ နှုတ်နည်းသလောက် သဘောထား တည်ကြည်သူ တစ်ယောက်သည် ဘယ်နည်းနှင့်မျှ သူတစ်ဖက်သားအား လူပုံ အလယ်တွင် အနေ ကျုံ့အောင် လုပ်မည့် လူစားမျိုး မဟုတ်ပေ။ ပြင်သစ်ကလည်း မစ္စတာ အက်စလေကို ဂရုထားပြီး စိုးရိမ်ဟန် မရှိ။ မျက်နှာထား မပျက်၊ ပုံမှန်ပင် ရှိလေသည်။ သို့ရာတွင် မလီ ဘလန်ချဲသည်သာ မျက်နှာ မထားတတ်၊ မစ္စတာ အက်စလေကိုလည်း ရဲရဲဝံ့ဝံ့ မကြည့်ရဲဘဲ ရှိလေသည်။ အထူးသဖြင့် မနေ့က ကျွန်တော်တို့ အမတ်ကြီးသည် ဘယ်အကြောင်းနှင့် စပ်၍လည်း မသိ စကား ပြောရင်း မစ္စတာ အက်စလေမှာ ဥစ္စာ ပစ္စည်း အလွန် ကြွယ်ဝ ချမ်းသာသူ တစ်ဦး ဖြစ်ကြောင်း လွှတ်ခနဲ ပြောလိုက်သည် ဆိုကတည်းက မလီ ဘလန်ချဲတို့ သားအမိသည် နောက်ထပ် ခေါင်းမဖော်ရဲတော့ပေ။ ဗိုလ်ချုပ်လည်း အနေရ အထိုင်ရ ခက်လျက် မသက်မသာ ဖြစ်နေပုံ ပေါ်သည်။ သူ့အဒေါ် (အဘွား) ကွယ်လွန်ပြီ ဆိုသော သံကြိုးစာကို ရပြီ ဆိုလျှင် ဘာတွေ ဆက်တိုက် ဖြစ်လာမည် ဆိုသည်ကိုလည်း အလွယ်တကူ ခန့်မှန်းကြည့်နိုင်ပါသည်။

ကျွန်တော့် ရင်ထဲတွင် ပိုလီနာသည် အကြောင်း တစ်စုံတစ်ရာ ရှိသောကြောင့်သာ ကျွန်တော့်ကို အတွေ့ မခံ၊ စကား မပြောဘဲ ရှောင်ဖယ်ဟန် ပြုနေသည်ဟု နားလည်လင့်ကစား သူ့အပြုအမူတွေသည် ကျွန်တော့် အပေါ် သူစိမ်းဆန်လှသည့် အတွက် ကျွန်တော် ရင်နာမိသည်။

မကြာခင်မှာတော့ သူ ကျွန်တော့်ထံသို့ လာရမည်သာ ဖြစ်သည် ဟူ၍လည်း ကျွန်တော့် အတွင်းစိတ်က တိတ်တခိုး မျှော်လင့်နေဘိ၏။ မနေ့ကနှင့် ယနေ့ နှစ်ရက်စလုံးတွင် ကျွန်တော် သူ အထူးသဖြင့် မလီ ဘလန်ချဲတို့ အပေါ် ဂရုစိုက် လေ့လာနေမိသည်။

ကျွန်တော့် ဗိုလ်ချုပ် အပေါ်၌လည်း သနား ကြင်နာမိသည်။ အသက် ငါးဆယ်ကျော်ကာမှ လူငယ် လူရွယ် ဘုမသိ ဘမသိ တစ်ယောက်လို သူသည် ချစ်စိတ်မွှန်လျက် ရှိလေသည်တကား။ တကယ်တော့ သူ စဉ်းစားဖို့ ကောင်းလှပါသည်။ သူသည် မုဆိုးဖို တစ်ဦးလည်း ဖြစ်သည်။ ကလေးတွေ ရှိသည်။ အထည်ကြီးပျက် တစ်ဦး ဖြစ်၍ ကြွေးတွေက ပတ်လည် ဝိုင်းလျက် ရှိ၏။



mgyoe.com

mgyoe.com SAMPLE BOOK

သူ့လို လူကို မလီ ဘလန်ချဲလို အမျိုးသမီးက တကယ် ချစ်မည်လား။

မလီ ဘလန်ချဲကို ကြည့်လျှင် သူ့မှာ အရွယ်လည်း ရှိသည်။ အဆင်းလည်း ရှိသည်။ ဖြုန်းခနဲ ကြည့်လျှင် သူသည် လှသည်တော့ မှန်ပါ၏။ သို့သော် သူ့အလှက အကြည့် မခံ။ သူ့မျက်နှာကို တစိမ့်စိမ့် ကြည့်လို့ မရ။ သူ့အလှက ကြောက်စရာ ကောင်းလှသည်။

သူ့အလှသည် တစ်ဖက်သား၏ ရင်၌ ပူလောင်မှုကို ဖြစ်စေသော အလှမျိုး ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ သူ့လို မိန်းမမျိုးကိုတော့ ကျွန်တော် အစဉ် စိုး၍ ထိတ်လန့်ခဲ့မိသည်။ ယခု ဆိုလျှင် ရှိလှပါမှ သူ့အသက်သည် ၂၅ နှစ်ထက် ကျော်ဦးမည် မထင်။ သူ့ကိုယ်က ဖွံ့ဖွံ့ထွားထွား ရှိလှသလောက် အသားအရေကလည်း ဝင်းပြီး ရွှန်းရွှန်းစိုစို ရှိလှသည်။ နက်မှောင်သော သူ့ဆံပင်များမှာလည်း အရောင် တောက်နေ၏။ မျက်လုံး အစုံကမူ တခြား ဥရောပသူတွေလို ပြာပြီး ကြောင်မနေဘဲ ရွဲလုံးတွေလို နက်ပြောင်လှ၏။ ပန်းရောင် နုနု အသွေး ရှိသော သူ့နှုတ်ခမ်း နှစ်လွှာ အောက်မှ ဖွေးဖွေးသော သွားကလေးများကလည်း ပုလဲလုံးတွေ စီထားသလို လှနေ၏။ မွေးထုံပျံ့နေသော သူ့တစ်ကိုယ်လုံးတွင် ဝတ်စားထားပုံမှာလည်း တောက်ပြောင် ခံ့ညားလျက် တစ်ဖက်သားကို ဆွဲဆောင်နိုင်သည်။ တစ်ခါ တစ်ခါ ဟက်ဟက်ပက်ပက် သူ ရယ်လိုက်လျှင် ဖွေးဖွေးသော သွားတန်းကလေးများက ဖွေးလက်သွားတတ်သည်။

မလီ ဘလန်ချဲသည် ဘယ်လိုပင် တင့်တယ် လှပသည် ဆိုစေကာမူ သူ့မှာ ပညာ အခြေခံ မရှိဟု ကျွန်တော် ထင်သည်။ ခေတ်ပညာလို အတတ်ပညာမျိုး သူ့မှာ မရှိသော်လည်း မိန်းမတို့ တတ်အပ်ရာ အညှု အခရာ အတတ်မျိုးတော့ ဖြင့် မလီ ဘလန်ချဲမှာ စုံလှပါသည်။ သူတို့ အကြောင်းကို အတွင်းကျကျ သိသူ တစ်ဦး အဖို့တော့ သူတို့နှင့် ကျွန်တော်တို့ အမတ်ကြီးမှာ ဘယ်လိုမျှ ဆွေမျိုး တစ်စုံတစ်ရာ တော်စပ်ခြင်း မရှိသည်ကို သိပြီး ဖြစ်၏။ သို့သော် ကျွန်တော်တို့ နှင့် သူတို့ သားအမိ ဘာလင်တွင် တစ်ကြိမ်က တွေ့ဆုံခဲ့ကြစဉ်ကမူ အမတ်ကြီး နှင့် သူတို့ သားအမိ သိကျွမ်းခဲ့ကြဖူးလေသည်။ အမတ်ကြီး ဆိုသူမှာလည်း မော်စကိုမြို့ရှိ ရုရှား အသိုင်းအဝိုင်းထဲတွင် အမတ်ကြီး တစ်ဦး အဖြစ် အသိ အမှတ်ပြု ခံခဲ့ရစေကာ ယခု သူ့မှာ အမတ်ကြီး ရာထူးဖြင့် ထည်ဝါနိုင်သေးရဲ့လား ဆိုသည်ကိုလည်း ကျွန်တော် အလွန် သံသယ ဖြစ်နေမိ၏။

ဤရက်သတ္တပတ် နှစ်ပတ် အတွင်း ဘာတွေ ဘယ်လိုများ ဖြစ်ခဲ့လေသည် ကိုတော့ ကျွန်တော် အတိအကျ မသိတော့ပြီ။ ဗိုလ်ချုပ်နှင့် မလီ ဘလန်ချဲတို့

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ဦး ကြားတွင် ဘယ်လောက် အရေးကြီးသည့် စကားတွေကို အပေးအယူ လုပ်ခဲ့ကြပြီး ဖြစ်သည်ကိုလည်း ကျွန်တော် မပြောတတ်တော့။

ဘာပဲဖြစ်ဖြစ် သူတို့ နှစ်ဦး ဆက်သွယ်မိခဲ့ခြင်းသည် ဗိုလ်ချုပ်က ငွေတွေ တစ်ပုံကြီး ထုတ်ပြခဲ့မှု အပေါ်တွင် တည်သည်။ အကယ်၍များ အဘွားသည် ကံအားလျော်စွာ အသက် ရှင်ခဲ့သည် ဆိုသော သတင်းမျိုးသာ ရောက်လာခဲ့မည် ဆိုလျှင် မလီ ဘလန်ချဲလည်း ဗိုလ်ချုပ် အနီးမှ ပျောက်ချင်းမလှ ပျောက်သွားမည်မှာ သေချာလှတော့သည်။

ကျွန်တော့် အထင် အတိုင်းသာ ဖြစ်လာမည် ဆိုပါက ကျွန်တော့် ဝမ်းတွင်းက ပုဏ္ဏားကလေး၏ ဟောကိန်း ဘယ်လောက် မှန်သည်ကိုလည်း သိချင်လှပါသည်။ သူတို့တစ်တွေကို ကျွန်တော် ကြာကြာ ကြည့်မြင်နေချင်စိတ်လည်း မရှိတော့ပါ။ သို့သော် သူတို့တစ်တွေ ဆိုသည့် အထဲတွင် ပိုလီနာ တစ်ယောက်တော့ဖြင့် ပါနိုင်မည် မထင်ပါ။ ပိုလီနာကိုတော့ ကျွန်တော် ဘယ်နည်းနှင့်မျှ ခွဲခွာနိုင်အံ့ မထင်။ ပိုလီနာ အနားမှာ နေပြီး သူ့အကြောင်းတွေကို မစုံစမ်းဘဲ ကျွန်တော် ဘယ်နည်းနှင့်မျှ နေနိုင်မည် မဟုတ်။ တကယ်တော့ သည်လို စုံစမ်းနေရခြင်းသည် အောက်တန်းကျလှသည်တော့ မှန်ပါ၏။ သို့ပေမင့် အောက်တန်းကျသည်မှာ ကျွန်တော့် အတွက် အရေးလား။

မနေ့ကနှင့် ဒီနေ့ အဖို့ ကျွန်တော်သည် မစ္စတာ အက်စလေကိုလည်း တော်တော် စိတ်ဝင်စားနေမိသည်။ သူ့ကို စိတ်ဝင်စားနေမိခြင်းမှာ သူသည် ပိုလီနာကို တစ်ဖက်သတ် ချစ်နေသည် ဆိုသည်ကို ကျွန်တော် သိနေခြင်းကြောင့် ဖြစ်ပေမည်။

မစ္စတာ အက်စလေကို လမ်းပေါ်တွင် လမ်းလျှောက်ရင်း တွေ့ကြရသည့် အခါများ၌လည်း ကျွန်တော်တို့နှင့် ကြာကြာ မျက်နှာချင်း မဆိုင်ဘဲ သူ့ဦးထုပ်ကို အသာ ချွတ်ပြပြီး မသိမသာ လှည့်ထွက်သွားတတ်ပါသည်။ ကျွန်တော်တို့က ကျွန်တော်တို့နှင့် အတူတူ လမ်းလျှောက်ဖို့ ခေါ်လျှင်လည်း ငြင်းသည်က များသည်။ ကာဆီနို အနားတွင် ကျွန်တော်တို့ အနား ယူနေကြသည့် အခါများ၌လည်း သူ့ကို ခပ်လှမ်းလှမ်းတွင် မြင်ရတတ်သည်။ ဘယ်နေရာ သွားသွား ကျွန်တော် သူ့ကို တွေ့နေရသည်။ သူသည် ကျွန်တော့်ကို တစ်ယောက်ချင်း အေးအေးဆေးဆေး စကား ပြောလိုဟန် ရှိသည်ဟုလည်း ကျွန်တော် တွေးမိသည်။

ယနေ့ မနက်တွင် သူနှင့် ကျွန်တော်တို့ တွေ့ကြသည်။ တစ်ခါ တစ်ခါတော့ သူသည် စကားကို ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ပြောလိုသည့် အတိုင်း ရုတ်တရက်

mgyoe.com

mgyoe.com SAMPLE BOOK

ပြောတတ်လေသည်။ ယနေ့ မနက် တွေ့ပြန်ကလည်း နှုတ်ဆက်ခြင်း ဘာခြင်း ပင် လုပ်မနေတော့ဘဲ သူ့ရင်ထဲ ရှိသည့် အတိုင်း ဖွင့်ချလိုက်သည်။

'ဟာဗျာ၊ မလီ ဘလန်ချဲ အကြောင်းတော့ ပြောမနေပါနှင့်၊ ဒီလို မိန်းမမျိုး ကျွန်တော် အများကြီး တွေ့ဖူးပါတယ်၊ စံပဲပေါ့ ဆိုတဲ့ မိန်းမမျိုးပဲ'

သူသည် စကားကို ခေတ္တ ရပ်လိုက်ပြီး ကျွန်တော့် မျက်နှာကို အဓိပ္ပာယ် ရှိရှိ စိုက်ကြည့်လိုက်သည်။ သူ့အကြည့်သည် ဘာကို ဆိုလိုမှန်း ကျွန်တော် နားမလည်။ နားမလည်၍ ဘာဆိုလိုတာလဲဟု မေးသည်ကိုလည်း သူက မဖြေဘဲ ခေါင်းကိုသာ တွင်တွင် ခါ၍ ပြုံးနေလေသည်။ ပြီးမှ စကား လွှဲ၍ 'ဩော်.. ဒါထက် ပိုလီနာက တော်တော် ပန်းကြိုက်တယ်နော်' ဟု မေးသည်။

'ကျွန်တော် မသိပါဘူး၊ ဒါတွေ ကျွန်တော် ဘာမှ မသိဘူးဗျ'

ကျွန်တော် ခပ်ပြတ်ပြတ်ပဲ ဖြေလိုက်သည်။

'ဘာ.. ခင်ဗျား ဘာမှ မသိဘူး၊ ဟုတ်လား'

သူက တအံ့တသြ မေးလေသည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော် ဒါတွေ သိလည်း မသိဘူး၊ မသိ ဘူးဆို စိတ်လည်း မဝင်စားခဲ့ဘဲကိုး' ဆိုကာ ကျွန်တော်က ရယ်လိုက်သည်။

'ဟင်း အေးဗျ၊ ခင်ဗျား ပြောတာ ကျွန်တော့်မလည်း စဉ်းစားစရာ တစ်ခု ဖြစ်လာတာပဲ'

ထို့နောက် သူသည် ခေါင်းကို ခါယမ်းရင်း ထွက်ခွာသွားလေသည်။ သူ သည် တစ်စုံတစ်ခု အတွက် နှစ်သက် ကျေနပ်သွားဟန် တူသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၄

ယနေ့သည် တော်တော် စိတ်ပျက်စရာလည်း ကောင်းသည်။ ရယ်စရာလည်း ကောင်းသည်။ အရုပ် ဆိုးသော နေ့တစ်နေ့ဟုသာ ဆိုလိုက်ချင်သည်။ ယခု ဆိုလျှင် ညဉ့် ၁၁ နာရီ ရှိပြီ။ ကျွန်တော်သည် အခန်းတွင်းရှိ စာရေး စားပွဲပေါ်တွင် ထိုင်ရင်း အဖြစ်အပျက် တသီတတန်းကြီးကို စဉ်းစားနေမိသည်။

ပထမဦးဆုံး ပေါ်လာသော စိတ်ထဲက အရုပ် တစ်ခုမှာ ပိုလီနာ အလက်ဇန်းဒရိုဗနာ အတွက် ကျွန်တော် ဖဲကစားခဲ့ရသော အဖြစ် ဖြစ်သည်။ ကျွန်တော် သူ့ဆီက ဂျာမန်ငွေ ၈၀၀ ယူခဲ့သည်။ ယူစဉ်က အချက် နှစ်ချက် အပေါ်တွင် သဘောတူပြီး ယူခဲ့သည်။ တစ်ချက်မှာ အကယ်၍ ကျွန်တော် နိုင်လျှင် ရသမျှ ပိုက်ဆံကို ကျွန်တော့် ကိုယ်ကျိုး အတွက် တစ်ပြားတစ်ချပ်မှ မယူ၊ အားလုံးကို ပိုလီနာအား ပေးမည် ဆိုသော အချက်နှင့် နောက်တစ်ချက်မှာ ပိုလီနာ ဘာကြောင့် ဤမျှ ငွေကို လိုနေသည့် အချက်ကို ညနေတုန်းက သူ ရှင်းပြသဖြင့် သိခဲ့ရသော အချက်တို့ကြောင့် ဖြစ်သည်။

အစကတည်းက ပိုလီနာသည် ငွေ လိုနေသည်မှာ တစ်ခု တစ်ခု အကြောင်း ရှိသောကြောင့်သာ ဖြစ်ရမည်ဟု ကျွန်တော် နားလည်ခဲ့ပြီး ဖြစ်ပါသည်။ ဘယ်သူမှ ငွေကို ငွေအတွက် ရလိုသည် မဟုတ်ကြပေ။ အကြောင်း တစ်ခုခု ရှိ၍သာ ငွေလိုသည်။ ဖြစ်နိုင်လျှင် မြန်နိုင်သလောက် မြန်မြန် အလို ရှိသည်။

ပိုလီနာက သူ ဘာကြောင့် ငွေလိုနေရသည်ကို ပြောပြမည်ဟုလည်း ကတိပေးသောကြောင့်သာ ကျွန်တော် သူ့အတွက် ကစားပေးဖို့ သဘောတူခဲ့သည်။

ဖဲဝိုင်းများ ရှိရာ အခန်းထဲတွင် လူမျိုးစုံ ပြည့်ကျပ်နေသည်။ လောဘသားတို့ ပျော်ရာ လောကပေတကား။

ကျွန်တော်လည်း ဤလောဘသားတို့ အလယ်သို့ တိုးဝှေ့ ဝင်လာခဲ့ပြီး ဖဲဒိုင်တစ်ဦး အနီးတွင် ရပ်လိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ပထမတွင် အစမ်း သဘောအားဖြင့် တစ်လက် တစ်လက်တွင် သုံးလေး ချပ်မျှသာ စမ်းထိုး ထိုးသည်။ ထိုအချိန်တွင် ကျွန်တော်သည် တည်ငြိမ်စွာ ရပ်ပြီး အခြေအနေ အရပ်ရပ်ကို သုံးသပ်နေမိသည်။ ဖဲသမားများမှာ တွက်ချက်နေကြသည်။ သေသေချာချာ တွက်ချက်ပြီးမှ စိတ်ကြိုက် ထိုးသူက ထိုးသည်။

သူတို့ အထဲတွင် ကျွန်တော်တို့လို အတွက် အစား မရှိ ကံပေးရာ ပစ်ချ၍ လောင်းကစားသူများသာ ရှုံးဖို့ များသည်။ သို့သော် ကျွန်တော့် စိတ်ထဲတွင် ဘယ်လောက်ပဲ တွက်တွက် ကံလည်း ပါသည်ဟု ယုံကြည်လာသည်။ ဖဲကစားရာ၌ အတွက်အချက်ထက် ကံသာ ပဓာန ဖြစ်မည်ဟုလည်း ကျွန်တော် ထင်မိသည်။

ကျွန်တော် ထင်သည့် အတိုင်းလည်း ဖြစ်နေသည်ကို တွေ့ရသည်။ ပထမ တစ်ကြိမ်တွင် ၁၂ ဂဏန်းကို လျော်သည်။ နောက်တစ်ကြိမ်တွင်လည်း ၁၂၊ နောက်တစ်ကြိမ်တွင်လည်း ၁၂၊ သုံးကြိမ်တိတိ ၁၂ ကိုချည်း လျော်သည်။

နောက်ပိုင်းတွင် ၁၃ နှင့် ၂၅ အကြား ဂဏန်းများ ပေါက်သည်။ တစ်နာရီကျော်ကျော် နှစ်နာရီနီးပါး ဘယ်ဂဏန်း ပေါက်မည်ဟု ဘယ်လိုမှ ခန့်မှန်း၍ မရ။ တစ်ဖန် နောက်ပိုင်းတွင် သုံးပေါက်လိုက်ပြီးတော့ နှစ်ပေါက်လိုက်၊ တစ်ဖန် သုံးပေါက်လိုက်နှင့် ဆက်၍ သုံးနှင့် နှစ်ချည်း ပေါက်နေတော့သည်။ အတော်ပင် ရယ်စရာ ကောင်းသည်။ တစ်နေ့ မနက်က ဆိုလျှင် အနီ ပေါ်ပြီး အနက် ပေါ်သည်။ နောက်တစ်ဖန် အနီ ပြန်မလာဘဲ အနက် ဆက်ပေါက်သည်။ အစီအစဉ်ဟူ၍ ဘယ်မှာ ရှိရှာတော့အံ့နည်း။ ဤကဲ့သို့ ပေါက်ပြီးနောက် အနီနှင့် အနက် လေးငါးခြောက်လက် လုံး၀ မပေါက်တော့ပေ။

ဤအကြောင်းများကို မစ္စတာ အက်စလေက ဖဲနှင့် ပတ်သက်၍ ပြောစဉ်က ကျွန်တော့်အား ရှင်းပြဖူးသည်။ သူသည် တစ်မနက်လုံး ဖဲဝိုင်း အနီးတွင် ထိုင်နေသော်လည်း တစ်ချက်မှ ဝင်မထိုး ဟုလည်း ဆိုသည်။

ကျွန်တော့် အဖို့ အတွက်မှု အလက်တိုင်း ဆက်ရှုံးနေလေသည်။ နောက်တစ်လက်တွင် ငွေတစ်ရာတိတိ ဖိထိုးလိုက်မှ လျော်တော့သည်။ ဒီအတိုင်း စိတ်ပေါက်ပေါက်နှင့် ဆက်ကာ ဆက်ကာ ထိုးသည်။ သုံးလေးလက် ဆက်၍ နိုင်တော့သည်။ ငါးမိနစ် အတွင်းမှာပင် ကျွန်တော့် လက်ထဲ၌ ဂျာမနီငွေ နှစ်ထောင်လောက် ဖြစ်သွားသည် ထင်သည်။ တော်လောက်ပြီဟု စိတ်ကို ပိုင်း၍ ထွက်တော့မည်ပြုကာမှ ဘယ်လိုမှန်း မသိ ကျွန်တော့် ရင်ထဲတွင် ထူးထူးခြားခြား ခံစားမှု တစ်ခု ဖြစ်လာသည်။ ကံကိုပင် မယုံသလိုလိုနှင့် စိန်ကြည့်လိုက်ချင်



mgyoe.com

mgyoe.com SAMPLE BOOK

သည့် စိတ်တစ်ခုခု ပြင်းပြလာသဖြင့် ငွေငါးရာလောက် တစ်ချက်တည်း ထိုးချလိုက်သည်။

ထိုအလက်တွင် ကျွန်တော် ရှုံးတော့သည်။ ကျွန်တော့် တစ်ကိုယ်လုံး သွေးတွေက တိုးပြီး ထူပူသွားသည်။ စိတ်ကိုလည်း မထိန်းနိုင်တော့ဘဲ အိတ်ထဲ ကျန်သမျှ ငွေတွေ အားလုံး ထုတ်ကာ စောစောက ဂဏန်းပေါ်တွင် ပုံ၍ ထိုးချလိုက်ပါသည်။ တစ်ချက်တည်းနှင့် ကျွန်တော် နိုင်ခဲ့သမျှ အရင်းပါ ပြုတ်သွားလေတော့သည်။ အရင်းလည်း ပြုတ်ပြီး ဖြစ်၍ ကျွန်တော်လည်း ဖဲဝိုင်းမှ ထွက်ခဲ့ရလေသည်။ ကျွန်တော် ဘာတွေ ဖြစ်ခဲ့သည်၊ ဘယ်လို ခံစားခဲ့ရသည်ကိုပင် ပြန်မတွေးတတ်အောင်ပင် ရှိသည်။ ပိုလီနာကိုလည်း ကျွန်တော် ရှုံးခဲ့သည့်အကြောင်း စကား တစ်ခွန်းမျှ ဖွင့်ဟ၍ မပြောတော့ပေ။ ညစာ မစားမီ ပန်းခြံထဲသို့ ထွက်ကာ ဟိုဟိုဒီဒီ လျှောက်၍ အချိန် ဖြုန်းနေခဲ့သည်။

ညစာ စားချိန်တွင် ကျွန်တော့် ရင်ထဲ၌ လှုပ်ရှားမှု တစ်ခု ဖြစ်ပေါ်လာပြန်သည်။ လွန်ခဲ့သော သုံးလေးရက်ကလည်း ဤသို့သော စိတ်လှုပ်ရှားမှု တစ်မျိုး ဖြစ်ပေါ်ခဲ့ဖူးသည်။

ညစာ စားပွဲတွင် ကျွန်တော်တို့နှင့် အတူ ပြင်သစ်နှင့် မလီ ဘလန်ချ်တို့လည်း အတူ စားကြသည်။ နံနက်ပိုင်း ဖဲကစားစဉ်က ဖဲဝိုင်း အနီးတွင် မလီ ဘလန်ချ်လည်း ရှိနေဟန် တူသည်။ ဤတစ်ကြိမ်တွင် သူက ကျွန်တော့်ကို ဂရုတစိုက် စတင် စကား ပြောသည်။ ပြင်သစ်ကလည်း ကျွန်တော့်ကို တိုက်ရိုက်မေးသည်။ မနက်က ရှုံးခဲ့သော ငွေသည် ကျွန်တော့် ကိုယ်ပိုင် ငွေလားဟု ထုတ်ဖော် မေးခြင်းအားဖြင့် ထိုငွေသည် ပိုလီနာ၏ ငွေဖြစ်မည်ဟု သူ သံသယ ဖြစ်ဟန် တူသည်။ သူ ဤသို့ မေးခြင်းသည် နောက်ကွယ်မှ တစ်စုံတစ်ယောက် ရှိဟန် တူသဖြင့် ကျွန်တော်ကလည်း ကျွန်တော့်ငွေ ဖြစ်သည်ဟု ချက်ချင်းပင် ဖြေလိုက်သည်။

ကျွန်တော့် အဖြေကြောင့် ဗိုလ်ချုပ်သည် တော်တော် အံ့သြသွားဟန် တူသည်။ သူ့စိတ်ထဲတွင် ဒီလောက် ငွေတွေ ကျွန်တော် ဘယ်က ရပါလိမ့် စဉ်းစားမိသောကြောင့် အံ့သြခြင်း ဖြစ်သည်။

ကျွန်တော်က စစချင်း ငွေငါးဆယ်နှင့် စကစားကြောင်း၊ လေး ငါး ခြောက်လက် ကံအလှည့်သင့်၍ နိုင်သောကြောင့် ငွေ နှစ်ထောင် သုံးထောင် ဖြစ်လာကြောင်း၊ ထိုငွေများ နောက်ဆုံးတွင် နှစ်လက်တည်းနှင့် ရှုံးသွားကြောင်း ရှင်းပြလိုက်လေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဤအဖြေကို သံသယ ဖြစ်စရာ မရှိတော့သဖြင့် လက်ခံကြလေသည်။

အဖြေ ပေးရင်း ကျွန်တော်သည် ပိုလီနာ၏ မျက်နှာကို လှမ်းကြည့်လိုက်ရာ သူ့ မျက်နှာပေါ်တွင် တစ်စုံတစ်ရာ ပြောင်းလဲခြင်း မရှိ၊ လိမ်လက်စ အတိုင်း ကျွန်တော့်အား ဆက်လိမ်ရန် သဘောတူနေလေသည်။ ထို့ကြောင့်လည်း သူနှင့် ကျွန်တော်တို့ စပ်တူ လုပ်ထားသည် ဆိုသော အချက်ကို ဖုံးကွယ်ရန် အတွက် ကျွန်တော်ကလည်း ဆက်လိမ်မှ ဖြစ်မည်ဟု နားလည်လိုက်သည်။ အဖြစ်အားဖြင့် ပိုလီနာကိုတော့ နောက်မှ ရှင်းပြန်တန် ရှင်းပြရမည် ဖြစ်သော်လည်း ရှုံးသည် ဖြစ်စေ၊ နိုင်သည် ဖြစ်စေ မနက်က သူ ကတိ ရှိသည့် အတိုင်း သူသည် သူ့ အကြောင်းစုံကို ကျွန်တော့်အား ရှင်းပြရပေဦးမည်။

ဖဲရှုံးသည့် အတွက် ဗိုလ်ချုပ်သည် ကျွန်တော့် အပေါ် ဘယ်လို ထင်မြင် ချက်မျိုး ပေးမည်နည်းဟု စောင့်မျှော်နေရသော်လည်း ဗိုလ်ချုပ်က ဘာစကား တစ်ခွန်းမျှ မပြောဘဲ နှုတ်ငုံနေလေသည်။ သို့သော် သူ့မျက်နှာပေါ်တွင် စိတ် ထိခိုက်ပုံ၊ မသက်မသာ ဖြစ်ပုံများ ပေါ်လွင်နေပေသည်။

ကျွန်တော့်လို အကောင် လက်ထဲသို့ ယခုလို အချိန်မျိုး၌ ဤမျှ များပြား သော ရွှေဒင်္ဂါးတွေ တစ်ပုံကြီး ရပြီးကာမှ ၁၅ မိနစ် အတွင်း အားလုံး ပြန်ရှုံးသွား သည် ဆိုသည်မှာ အလွန် နှမြောစရာ ကောင်းသည်ဟု သူ ထင်မှတ်ပေမည်။

မနေ့က ဆိုလျှင် ဗိုလ်ချုပ်နှင့် ပြင်သစ်တို့ တစ်ယောက်နှင့် တစ်ယောက် တော်တော် ဆူဆူပူပူ အချီအချ စကား များခဲ့ကြဟန် တူသည်ဟု ကျွန်တော် သံသယ ဖြစ်နေမိသည်။ သူတို့ နှစ်ဦးသည် အတန်ကြာမျှ စကား မပြောဘဲ နှုတ်ပိတ်နေကြသည်ကိုလည်း တွေ့ရသည်။ ပြင်သစ်သည် စိတ်ပျက်လက်ပျက် နှင့် အပြင်သို့ ထွက်သွားပြီး မနက် စောစောကမှ ဗိုလ်ချုပ်နှင့် ယမန်နေ့က စကားကို ဆက်ရန် ပြန်လာသည်။

ကျွန်တော် ဖဲရှုံးကြောင်း ကြားသိရသဖြင့် ပြင်သစ်သည် ကျွန်တော့်အား အဆင်အခြင် မရှိ၍ ဤသို့ ဖြစ်ရသည်ဟု ဆိုလိုဟန် မျက်နှာထားနှင့် ကြည့်နေ လေသည်။

ဘာကြောင့်မှန်းတော့ ကျွန်တော် မသိ၊ သူက သိသည်။ ရုရှား လူမျိုး တော်တော်များများ ဖဲကစားသည်ကို တွေ့ဖူးကြောင်း၊ ရုရှား လူမျိုးများ အနေ နှင့် ဖဲကစားဖို့ မသင့်တော်ဟု သူ ထင်မြင်ကြောင်း ပြောလေသည်။

'ကျွန်တော့် စိတ်ထင်တော့ ရိုးလက်လို ဖဲမျိုးဟာ ရုရှားတွေ အတွက် တမင် လုပ်ထားတာပဲလို့ ထင်တယ်' ဟု ကျွန်တော်က ပြန်လည် ချေပသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤတွင် ကျွန်တော် ဤသို့ ပြောလိုက်ခြင်းကိုပင် ပြင်သစ်သည် သဘော ကျသွားဟန်ဖြင့် ရယ်သွမ်းသွေးတော့သည်။

သဘောမှာ ရှရှားတွေမှာ ဖဲသမားတွေ ဖြစ်သည်ဟု ကျွန်တော်က ဝန်ခံရာ ကျသွားပြီး သူတို့ ပြင်သစ်တွေ အလိုလို ဂုဏ်တက်သွားသည့် အတွက် သူ ရယ်ခြင်း ဖြစ်ပေမည်။

ကျွန်တော် စကားပြော မလည်သောကြောင့် ဤသို့ ဖြစ်ရသည်ဟု နောက် မှ ကျွန်တော် သဘော ပေါက်လာသည်။

ထို့နောက် သူက မေးပြန်သည်။

'ဘယ်ပေါ်မှာ မူတည်ပြီး ခင်ဗျားက ထင်မြင်ရတာလဲ'

'အကြောင်းက ဒီလိုဗျ၊ သမိုင်းကြောင်း တစ်လျှောက်ကို ပြန်ကြည့်ရင် လူ့ယဉ်ကျေးမှု တိုးတက်လာသည်နှင့်အမျှ အနောက်တိုင်းသားတွေဟာ … သူ တို့ရဲ့ ကြိုးပမ်းမှုကြောင့်လည်း ပါတာပေါ့လေ၊ သူတို့မှာ ငွေလုံး ငွေရင်း တော် တော်များများကို စုဆောင်းထားနိုင်ကြတယ်၊ ရှရှားတွေကတော့ ငွေလုံးငွေရင်း တွေကို စုဆောင်းထားနိုင်ရုံ မကဘူး၊ အဆီးအတား မရှိ သုံးနိုင် ဖြုန်းနိုင်တဲ့ သဘောလည်း ရှိတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ရှရှားတွေဟာ ငွေ လိုတယ်၊ အဲဒီတော့ ဒီလို ဖဲဝိုင်းတွေက ငွေကို ရအောင် လုပ်ရတယ်၊ ဒီဖဲဝိုင်းတွေ ရှိတာ ကျွန်တော်တို့ အဖို့ ဝမ်းသာစရာပဲ၊ ပမာပုံ ပြောရရင် ချက်ချင်း လက်ငင်း နာရီ ပိုင်း အတွင်းမှာ ဘာအလုပ်မှလည်း မလုပ်ရဘဲ လူတစ်ယောက်ဟာ ကြီးပွားနိုင် တာပဲ၊ ကျွန်တော်တို့ အတွက်တော့ ဒါဟာ တော်တော် စိတ်ဝင်စားစရာ ကောင်း တယ်၊ စိတ်ဝင်စားမှုလည်း ရှိတယ်၊ ရှုံးတာကတော့ဖြင့် ကျွန်တော်တို့က လူ များလို ရှုံးမှာ ပါမှာလည်း သိပ်စိုးရိမ်တာ မဟုတ်ဘူး၊ ရက်ရက်ရောရော ဟော ဟောဒိုင်းဒိုင်း ကစားတတ်လို့ပဲဗျ'

'ခင်ဗျား ပြောတာ မှန်သင့်သလောက် မှန်ပါတယ်' ဟု ပြင်သစ်က နှိမ် လိုဟန်ဖြင့် ပြောသည်ကို ဗိုလ်ချုပ်သည် မခံချိ ဖြစ်ကာ မျက်နှာထား တင်းတင်း နှင့် ပြန်ပြောသည်။

'မမှန်ဘူး၊ နည်းနည်းမှ မမှန်ဘူး၊ မင်း ဒီလို ပြောတော့ မင်း တိုင်းပြည် အတွက် မင်း မရှက်ဘူးလား၊ မင်း ရှက်ဖို့ တော်တော် ကောင်းတယ်'

'ဒီလိုပါ ဗိုလ်ချုပ်၊ ကျွန်တော် ဆိုလိုတာက ဒီလိုပါ၊ ကျွန်တော့် အနေနှင့် ပြောရလို့ ရှိရင် ကျွန်တော် တကယ်ပဲ နားမလည်ဘူး၊ အဲဒါက ဘာလဲ ဆိုရင် ရှရှားတွေ မတော်မလျော် လုပ်တာနှင့် ဂျာမန်တွေ ပင်ပန်းကြီးစွာ အလုပ် လုပ်



mgyoe.com

mgyoe.com SAMPLE BOOK

ပြီး စုဆောင်းနေကြတာ ဘယ်ဟာက ပိုစိတ်ပျက်စရာ ကောင်းတယ် ဆိုတာ ကျွန်တော်တော့ တကယ် နားမလည်ဘူး'

'ဘယ်လို ဟော့ရမ်းတဲ့ အယူအဆလဲကွ၊ မင်း အယူအဆက'

ဗိုလ်ချုပ်က မေးလိုက်ပါသည်။

'ခင်ဗျားတို့ ရုရှားတွေရဲ့ စိတ်ကူးကလည်းဗျာ'

ပြင်သစ်က ရှုတ်ချလိုဟန်ဖြင့် ဆိုလိုက်သည်။ ကျွန်တော်ကမူ သူတို့ နှစ်ဦးကို ကြည့်ပြီး ခွက်ထိုးခွက်လန် ဟားတိုက် ရယ်လိုက်ပါသည်။

'အမလေးဗျ၊ ကျွန်တော်ကတော့ တစ်သက်လုံး ရုရှား လူမျိုး အဖြစ်နှင့် ခေတ်နောက်ကျတယ် ဆိုတဲ့ ကာဂျစ် ရွက်ဖျင်တဲတွေထဲမှာ နေသွားကြမယ် ဆို ရင် နေချင်တယ် ခင်ဗျ၊ ဂျာမန်တွေရဲ့ ရိုးရာ အစွဲတွေကိုတော့ ကျွန်တော် နည်း နည်းမှ ဦးမညွှတ်ချင်ဘူး'

'ဘာအစွဲလဲကွ'

ဗိုလ်ချုပ်သည် တဖြည်းဖြည်းနှင့် ဒေါသ ဖြစ်လာဟန် တူသည်။ သူ့အသံ မှာ ပို၍ ကျယ်လောင်လာသည်။

'ဘာအစွဲ ဟုတ်ရမလဲ ဗိုလ်ချုပ်ရဲ့၊ ဂျာမန်တွေရဲ့ ကြီးပွား ချမ်းသာအောင် ဆိုပြီး စုဆောင်းနေကြတဲ့ အစွဲပေါ့၊ ကျွန်တော် ဒီကို ရောက်လာတာ သိပ်မကြာ သေးပါဘူး၊ ရောက်တာ မကြာပေမဲ့ သတိထားမိတာ တစ်ချက်တော့ ရှိပါတယ်၊ အဲဒါက ဘာလဲ ဆိုတော့ ကျွန်တော်တို့ တာတာတွေရဲ့ သွေးတွေနှင့် ရင်းပြီး ပုန်ကန် တော်လှန်ခဲ့ရတဲ့ အဖြစ်တွေပဲ၊ ကျွန်တော်ကတော့ အဲဒီလို သွေးတွေနှင့် ရင်းထားတဲ့ စီးပွားမျိုးကို မမက်ဘူး၊ မနေ့က ဆိုရင် ရှစ်မိုင် ပတ်ပတ်လည် လောက် ရှိမယ် ထင်ပါရဲ့၊ ကျွန်တော် လှည့်ပတ် ကြည့်ခဲ့တာ၊ အဲဒီလို လျှောက် ကြည့်တော့ မြင်ခဲ့ရတာတွေက ဂျာမန်တွေရဲ့ ဘဝရုပ်ပုံလွှာ စာအုပ် တစ်အုပ်ကို ကြည့်ခဲ့ရသလိုပါပဲ၊ အိမ်တွေထဲကိုလည်း ကျွန်တော် ဝင်ကြည့်တယ်၊ အိမ်တိုင်း မှာ အင်မတန် ရိုးသား အင်မတန် ကြွယ်ဝတဲ့ အိမ်ထောင်ဦးစီး ဖခင်တွေ ရှိကြ တယ်၊ အင်မတန့် အင်မတန်ကို ဖြောင့်မတ် ရိုးသားတဲ့ ဖခင်ကြီးတွေ ဆိုပဲ၊ ဖြောင့်မတ်ကြလွန်းလို့ သူတို့ အနားကိုဖြင့် ကပ်ဝံ့စရာ အကြောင်းကို မရှိဘူး၊ ပြောရရင်တော့ လူတစ်ယောက် အနေနှင့် အနားကမှ မသီဝံ့အောင် ဖြောင့်မတ် လွန်းတဲ့ ပုဂ္ဂိုလ်မျိုးကို ကျွန်တော်ဖြင့် ဘယ်နည်းနှင့်မှ မနှစ်မြို့ဘူး ခင်ဗျ၊ သည်း လည်း မခံနိုင်ဘူး၊ အဲဒီလို ဂျာမန် ဖခင်တွေဟာ ညနေတိုင်း သူတို့ မိသားစုတွေ ထဲမှာ ကျမ်းကြီး ပေကြီးတွေကို အော်ကြီးဟစ်ကျယ်နှင့် ဖတ်ကြတယ်၊ တယ်

mgyoe.com SAMPLE BOOK

ပြီး ခမ်းနား ကြီးကျယ်တာကလား၊ ခုလို ပြောလို့ စိတ်မရှိပါနှင့် ဗိုလ်ချုပ်ရယ်၊ ကျွန်တော်က သူတို့ ဘဝကို မြင်လာအောင်လို့ တမင်ပဲ ဒီလို ပြောနေရတာပါ၊ ကျွန်တော် မှတ်မိပါသေးတယ်၊ အဲဒီ စာအုပ်ကြီးတွေမျိုးပေါ့၊ ကျွန်တော့် အဖေက ကျွန်တော့် အမေကို ဖတ်ပြတာ ကျွန်တော် ကြားဖူးခဲ့ပါတယ်၊ ဒီတော့ ကျွန်တော်လည်း ဘဝ အခြေအနေတွေကို ခန့်မှန်းနိုင်တာပေါ့၊ ဒီမှာ ရှိကြတဲ့ မိသားစုတွေရဲ့ ဘဝကို ကြည့်လိုက်ရင် လွတ်လပ်မှု ဆိုလို့ ဘာမှ မရှိဘူး၊ ဘဝရဲ့ အနှောင်အဖွဲ့တွေက တင်းကျပ်လှပါတယ်၊ အိုဗျာ၊ အလုပ် ဆိုလည်း လုပ်လိုက်ကြရတာ၊ နွားတွေ ကျွဲတွေ ရုန်းကန်နေရတဲ့ အတိုင်းပါပဲ၊ သူတို့ကို ကြည့်ရတာ ငွေနောက်ကို ကောက်ကောက်ပါအောင် လိုက်ပြီး စိတ်ချမ်းသာစရာရယ်လို့ တစ်ကွက်ကလေးမှ ရှာမရဘူး၊ ဂျူးတွေ ကျနေတာပဲ၊ ဖခင် လုပ်သူတွေက သူ့လက်ထက်မှာ ဥစ္စာပစ္စည်းတွေ ရွှေတွေ ငွေတွေ စု၊ နောက်ပြီး သားတွေကို ကုန်ကူးသန်းစရာပဲ ဖြစ်ဖြစ် မြေပဲ ဖြစ်ဖြစ် အမွေရယ်လို့ ပေးတယ်၊ သားတွေကို ပေးစရာ ရှိတာ ပေးလိုက်တော့ သမီး လုပ်သူတွေဟာ ဘာမှ မရဘူး၊ လမ်းရိုးဟောင်း အတိုင်း မိဴးဖိုချောင်ထဲက အိမ်ရှင်မ ဘဝပဲ ရောက်ရတယ်၊ အငယ်ဆုံး သားတွေ ကျတော့လည်း အနှောင်အဖွဲ့နှင့် မကင်းဘူး၊ အလုပ် တစ်ခုခု လုပ်၊ ဒါမှမဟုတ် စစ်ထဲ ဝင်၊ ဒီလိုနှင့် ဒီအိမ်ထောင်ကို ပြန်ဖြည့်ရပြန်တယ်၊ ဒါတွေဟာ ဒီမှာ လုပ်ရိုးလုပ်စဉ် ထုံးစံတွေပဲ၊ ကျွန်တော်လည်း တော်တော်ပဲ စပ်စပ်စုစုနှင့် လေ့လာကြည့်တဲ့ အခါ ဘာတွေ့ရသလဲ ဆိုတော့ ဒီလို ဖြစ်နေရတာတွေရဲ့ အရင်းခံ အကြောင်းတွေကို တွေ့ရတယ်၊ ဒါက ဘာမှ မဟုတ်ဘူး၊ ရိုးသားတယ်၊ ဖြောင့်မတ်တယ် ဆိုတဲ့ အကြောင်းပဲ၊ ဂျာမန် အိမ်ထောင်စုတွေမှာ အငယ်ဆုံး သားရဲ့ ဘဝ ဆုံးရှုံးမှု ဖြစ်ရတာဟာ မိဘလုပ်သူတွေရဲ့ ရိုးလွန်းမှုပဲ ဖြစ်နေတယ်၊ တစ်နည်း ဆိုတော့ ရိုးရာ အစွဲအလမ်းတွေပေါ့၊ ရိုးရာ အစွဲအလမ်း ဆိုပေမဲ့ ဒါဟာ ငွေစွဲဗျ၊ ငွေစွဲ၊ ကြည့်ပါလား၊ သား အကြီးဆုံး လုပ်သူကလည်း ငွေတော့ ရပါရဲ့၊ ဒါပေမဲ့ ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝ မနေနိုင်မှာ စိုးလို့ အိမ်ထောင် မပြုဘူး၊ ဆယ်နှစ် အနှစ် နှစ်ဆယ် ငွေရှာရင်း အချိန် ကုန်တယ်၊ ငွေအတွက် ရိုးရိုးသားသား တည်တည်ကြည်ကြည်နှင့် ဘဝကို အဆုံးခံကြတယ်၊ ဒီလို ဘဝကို အဆုံးခံပြီး ပစ္စည်းဥစ္စာ ကြွယ်ဝအောင် လုပ်နိုင်တဲ့ သားကို ဖခင် လုပ်သူက အင်မတန် ကောင်းချီးပေးတယ်၊ အဲဒီလို ဖခင်က ကောင်းချီး ထောပနာတဲ့ သားဟာ ဒီ အချိန်မှာ အသက်က လေးဆယ့်ငါးနှစ် ကျော်ပြီ၊ ရင်အုပ်လည်း ချိုင့်ပြီ၊ ပါးပြင်လည်း ခွက်ပြီး ဆံစလည်း ဖြူပြီလေ၊ အဲဒီ အချိန်မှာ ဖခင်

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်သူဟာ ကျမ်းဂန် စာပေတွေ ဖတ်ရှုတ်၊ တရား ရပြီး နောက်ဆုံး သေရော၊ သား အကြီးဆုံးကလည်း သေသွားတဲ့ ဖခင်ထုံး အတိုင်း နှလုံးမူပြီး လမ်းရိုးဟောင်း အတိုင်း လိုက်ပြန်ရော၊ ဒီသံသရာကကို မထွက်နိုင်ကြဘူး၊ ဒီသံသရာက မထွက်ဘဲ တစ်ဆက်ပြီး တစ်ဆက် ကျွဲလို နွားလို ရုန်းထမ်း ကုန်းထမ်းပြီး စုရ၊ နှစ်ပေါင်းများစွာ ဘဝမှာ ခြိုးခြံလိုက်ရတာ၊ သည်းခံလိုက်ရတာ၊ ရိုးသားလိုက်ရတာ၊ ထိန်းချုပ် ကုတ်ကတ်လိုက်ရတာ၊ ဒီနောက်ဆုံးကျမှ စည်းစိမ်တွေ တစ်ပုံကြီး ချမ်းသာလာကြတာ၊ ကဲ ချမ်းသာပါပြီတဲ့၊ ဘဝမှာ ဒီလောက် အဆုံးအရှုံးတွေနှင့် ရုန်းကန် ရင်းနှီးခဲ့လို့ ချမ်းသာပါပြီတဲ့၊ နောက်ဆုံး ဘာများ လိုချင်မက်မောစရာ ရှိသေးသလဲ၊ ဒီထက် မြင့်မားတဲ့ ဘဝကော ဘယ်မှာ ရှိသေးလဲ၊ ဒီပြင် တက်စရာလည်း မရှိတော့ဘဲကိုး၊ ဒီတော့မှ ဂျာမန်တွေဟာ သူတို့ ရောက်နေတဲ့ နေရာကနေ တစ်လောကလုံးကို ပြန်ကြည့်စ ပြုတော့တယ်၊ ဒီအခါကျတော့လည်း ကိုယ်နှင့် မတူ ကိုယ့်ရန်သူ ဆိုပြီး လူတိုင်းကို ရန်ထောင်ချင်လာကြတယ်၊ အဖြစ်ကတော့ ဒါပါပဲ၊ ဒီတော့ ကျွန်တော်က ရှုရှား တစ်ယောက် အဖြစ် အချိန်တွေ အဆုံးခံနေရမယ့် အစား ရိုးလက် ကစားပြီး ချက်ချင်း ချမ်းသာလည်း ချမ်းသာ ဆင်းရဲလည်း ဆင်းရဲ အဲဒီ နည်းပဲ ကြိုက်တယ်၊ နှစ်ပေါင်း ရာထောင်ချီပြီး စုဆောင်း သိုမှီးပြီးမှ ချမ်းသာတာမျိုးတော့ မလိုချင်ဘူး ခင်ဗျ၊ ကျွန်တော့်ကိုယ် ကျွန်တော်တော့ ငွေအတွက် အသက် ရှင်နေရတဲ့လူ မဖြစ်ချင်ဘူး၊ အဖြစ်လည်း မခံနိုင်ဘူး၊ ငွေကသာ ကျွန်တော့် အတွက် ဖြစ်ရမယ်၊ ငွေလိုချင်တာက ကျွန်တော့် အတွက် လိုချင်တာပဲ၊ ခုလို ကျွန်တော် ပြောခဲ့တာတွေဟာ ဘာမှ အဓိပ္ပာယ် မရှိတာတွေ အလကား စကားတွေ ဖြစ်မှန်း ကျွန်တော်နားလည်ပါတယ်၊ ရှိပါစေတော့၊ အလကားတွေပဲ ဖြစ်ပါစေတော့ အရေးမကြီးပါဘူး၊ ဒါပေမဲ့ အဲဒါတွေကတော့ ကျွန်တော့် ခံယူချက်တွေပါပဲ'

ကျွန်တော်သည် စိတ်ရှိ လက်ရှိ ပြောချလိုက်သည်။

ဗိုလ်ချုပ်သည် ကျွန်တော့် စကားကို သည်းညည်းခံ နားထောင်နေပြီးမှ စကား အဆုံးတွင် ချင့်ချင့် ချိန်ချိန် သုခမိန် စကားမျိုး ပြောသည်။

'အင်း၊ မင်း ပြောတာတွေဟာ မှန်တာတွေချည်းပဲလား ဆိုတာတော့ ငါ မပြောတတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ ငါ နားလည်လိုက်တာက မင်းဟာ စကား အစနှင့် အဆုံး မညီဘူး'

သူ့ ထုံးစံ အတိုင်း ဆက်ရန် ကျန်ရှိနေသေးသော စကားတို့ကို ဆက် မပြောတော့ဘဲ စကားစ သိမ်းပစ်လိုက်လေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ပြင်သစ်ကတော့ မျက်လုံးပွင့်ကြီးနှင့် နားထောင်နေသော်လည်း စိတ်ပါလက်ပါ မရှိ။ ကျွန်တော် ဘာတွေ ဆိုလိုသည်ကိုလည်း သူ နားလည်ဟန် မတူပေ။

ပိုလီနှာလည်း မထူးခြား မပြောင်းလဲသော မျက်နှာထားဖြင့် ကျွန်တော့်ကို ငေးကြည့်နေလေသည်။ သူ၏ နေပုံမှာ ကျွန်တော့် စကားတွေကိုပင် လုံးစေ့ပတ်စေ့ ကြားမိလေမည်လား မပြောတတ်။ ကျွန်တော့် စကားတွေက သူ့နားမှာ မဝင်၊ သူ့အတွေးနှင့်သူ ငေးနေခြင်းသာ ဖြစ်ပေလိမ့်မည်။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ၅

ပိုလီနာသည် ခါတိုင်းထက် ပို၍ တွေးနေလေသည်။

စားပွဲမှ ထလျှင် ထချင်း သူက အပြင်ဘက်တွင် လမ်းလျှောက် ထွက်လို၍ ကျွန်တော့်ကို အစောင့်အရှောက် အနေနှင့် လိုက်ရန် ခေါ်သည်။ ကျွန်တော်တို့သည် ကလေးတွေကို ခေါ်ပြီး အပြင်ဘက် ပန်းခြံ အတွင်းရှိ စမ်းရေပန်း အနီးသို့ လျှောက်ခဲ့ကြသည်။

ကျွန်တော်သည် ယနေ့မှ ပို၍ ထူးထူးခြားခြား စိတ်မငြိမ်ဘဲ ပြာလောင်ခတ်နေမိသည်။ စိတ်ကို ထိန်းချုပ်ပါသော်လည်း ထိန်းမရဘဲ ပိုလီနာအား နှုတ်က လွှတ်ခနဲ မေးလိုက်ပြန်သည်။

'ဘယ့်နှယ်လဲ ပိုလီနာ၊ ခုတလော ဟိုအမတ်ကြီးက ခင်ဗျားကို ခေါ်ခေါ်ပြောပြောလည်း သိပ်မရှိပါကလား၊ ခါတိုင်း ခင်ဗျား ဘယ်သွားသွား သူ လိုက်သားနှင့်၊ ခု ဘာဖြစ်လို့ မလိုက်တော့တာလဲ'

'ဘာဖြစ်ရမှာလဲ၊ ဒီလူက လူယုတ်ပဲ'

'ဗျာ'

ကျွန်တော် အံ့အားသင့်သွားမိသည်။ ပိုလီနာ နှုတ်ဖျားက တစ်ခါမျှ မကြားဖူးသော စကားကို ဆိုခဲ့၏။

ဖြုန်းခနဲ မထင်မှတ်သော စကားကို ကြားလိုက်ရသောကြောင့် အံ့သြမိသော်လည်း သူ့စိတ်ထဲတွင် ခံပြင်းချက် ရှိနေသဖြင့် ဤသို့ ဆိုခြင်း ဖြစ်သည်ကို ရိပ်စားမိသည့် အတွက် ရှေ့ဆက် မမေးရဲတော့ပေ။

'ရှင် သတိထားမိတယ် မဟုတ်လား၊ သူ ဒီနေ့ ဗိုလ်ချုပ်နှင့် ဘယ်လို ဆက်ဆံ ပြောဆိုလာတယ် ဆိုတာ၊ ဘာဖြစ်လို့ ဒီလို ပြောဆို ဆက်ဆံလာတယ် ဆိုတာ အကြောင်းစုံ ရှင် သိချင်ပါလိမ့်မယ်'

'ဆိုပါဦး၊ ဘာဖြစ်ကြတာလဲ'



mgyoe.com

mgyoe.com SAMPLE BOOK

'အဖြစ်ကတော့ မဆန်းပါဘူး၊ ရှင် သိသားပဲ မဟုတ်လား၊ ဗိုလ်ချုပ်ဟာ သူ့ပစ္စည်းတွေ အားလုံးကို အဲဒီ လူဆီမှာ ပေါင်ထားရတယ် ဆိုတာလေ၊ ဗိုလ်ချုပ်ပိုင် ပစ္စည်း အားလုံးဟာ သူ့ပစ္စည်းတွေ ဖြစ်နေတယ်၊ ခု အဘွားကလည်း မသေဘူး၊ မသေတော့ အခက်ကြုံတော့တာပေါ့၊ ဗိုလ်ချုပ်ဟာ ပစ္စည်း အားလုံး ကို ဒီပြင်သစ်ကို ပေးရမလို ဖြစ်နေပြီလေ'

'ဟင်၊ ပစ္စည်း အားလုံး၊ ဟုတ်လား ပိုလီနာ၊ ကျွန်တော် ကြားသင့်သလောက်တော့ ကြားပါတယ်၊ ဒါပေမဲ့ မသိဘူး'

'ဟုတ်ပါတယ်၊ ရှိရှိသမျှ အားလုံးပါပဲရှင်'

'ကဲ ဒါဖြင့် မလီ ဘလန့်ချဲတော့ ကြွမြန်းပြီပေါ့၊ သူ ဘယ်နည်းနှင့်မှ ဗိုလ်ချုပ်ကတော် အဖြစ်ခံမှာ မဟုတ်တော့ဘူးပေါ့'

ကျွန်တော်က ကြိုတွက်ထားပြီးသော အချက်ကို လွတ်ခနဲ ထုတ်ဖော်ပြီး မှတ်ချက်ချလိုက်မိသည်။

'ခက်တာက ပိုလီနာရယ်၊ ဗိုလ်ချုပ်ဟာ မလီ ဘလန့်ချဲ သူ့ကို ခွာသွားရင် ကြံ့ကြံ့ ခံနိုင်ပါ့မလား ဆိုတာပဲ ကျွန်တော် ပူမိတယ်၊ သူ့အရွယ်မျိုးကျမှ အချစ်စိတ် ဒီလောက် ပြင်းပြနေတာကတော့ ဒုက္ခ ရောက်စရာ အကြောင်း အများကြီး ရှိတယ်၊ ဗိုလ်ချုပ် ဒုက္ခ ရောက်မယ်'

'ဗိုလ်ချုပ်လည်း နောက်ထပ် တစ်ခုခုတော့ ဖြစ်ဦးမယ်လို့ ကျွန်မတော့ ထင်နေတာပဲ'

'အင်း ဘာပဲပြောပြော သိပ်ကောင်းလာတဲ့ အချက် တစ်ချက်တော့ ရှိပါ သေးတယ်၊ အဲဒါက ဘာလဲ ဆိုတော့ ဗိုလ်ချုပ်ဆီမှာ ငွေတွေ မြင်လို့ လက်ထပ် မယ် အပိုင် ကြံနေတဲ့ သူတို့ အကြံကြီးကတော့ ပျက်သွားတာပေါ့လေ၊ ဒါဟာ ကောင်းတဲ့ လက္ခဏာပဲ ပိုလီနာရဲ့၊ နောက်ထပ် ဒီဟာတွေ အတွက် အဆောင် အယောင် အခမ်းအနားတွေ လုပ်နေရစရာလည်း အကြောင်း မရှိတော့ပါဘူး၊ ဘယ်လောက်များ လူတွေဟာ အံ့သြစရာ ကောင်းလိုက်သလဲ ကြည့်စမ်း၊ တစ် ချိန်လုံး အဘွား သေပြီလား၊ သေပြီလားနှင့် သံကြိုးတွေ ရိုက်ရိုက်ပြီး မေးနေ လိုက်ကြတာ၊ ဒီလို လုပ်နေကြတာ ခင်ဗျားစိတ်ထဲ ဘယ်လို ထင်မိသလဲ ပိုလီနာ'

'ရှုးနေကြတာပေါ့၊ ငွေရှုး ရှုးနေကြတာပေါ့ရှင်၊ ဒါထက် ရှင် ပြောတဲ့ စကားတွေ ကြားရတော့ ရှင့်သဘောထားတွေ သိရလို့ ကျွန်မဖြင့် သိပ်ဝမ်းသာ မိတာပဲ၊ ရှင် ဒီလို သဘောထားမျိုး ထားနိုင်တာကိုလည်း ကျွန်မ အံ့သြမိတယ်၊ ကျွန်မ ငွေတွေ ရှုံးသွားလို့လည်း ကျွန်မ ဝမ်းမနည်းပါဘူး ရှင်ရယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'ဒါထက် စကားစပ်လို့ မေးရဦးမယ် ပိုလီနာ၊ ခင်ဗျားက အဲဒီ ငွေတွေကို ရှုံးပစ်ဖို့ ဘာကြောင့်များ ကျွန်တော့်ကို ပေးပေးနေရတာလဲဟင်၊ ကျွန်တော်လည်း ခင်ဗျားကို ပြောခဲ့ဖူးပါတယ်၊ ကျွန်တော်ဟာ သူများ ငွေနှင့် သူများ အတွက် ဖဲမကစားချင်ဘူး ဆိုတဲ့ အကြောင်း၊ အထူးသဖြင့် ခင်ဗျား အတွက် မကစား ချင်ဘူးလို့လည်း ပြောခဲ့သားပဲ၊ အမှန်တော့ ခင်ဗျား ဘာခိုင်းခိုင်း ကျွန်တော်က တော့ နာခံရမယ့် လူပါပဲလေ၊ နာခံရပေမဲ့ အဖြေ ဘာထွက်မယ် ဆိုတာကျတော့ ကျွန်တော်က ပြောနိုင်တာမှ မဟုတ်ဘဲ၊ အဲဒီလောက် ငွေတွေ အများကြီး ဆုံးရှုံး သွားတဲ့ အတွက် ခင်ဗျား နှမြောတသ မဖြစ်မိဘူးလား ပိုလီနာ၊ ဒီလောက်တောင် ခင်ဗျားမှာ ငွေများများ ဘာအတွက် လိုနေရတာလဲဗျာ'

'ဘာဖြစ်လို့လဲ၊ ဘာလို့ ဒီမေးခွန်းတွေ မေးနေရတာလဲ'

'ဩော် မေးရတော့မပေါ့၊ ခင်ဗျားက ရှင်းပြပါ့မယ်လို့ ကတိ ပြုထားတာ ကိုး၊ ဒီမှာ ကျွန်တော် ပြောမယ် ပိုလီနာ၊ ခု ကျွန်တော့် လက်ထဲမှာ ငွေ သုံးရာ လောက် ရှိပါတယ်၊ ဒီငွေတွေနှင့် ကျွန်တော် သွားကစားမယ်၊ ကိုယ့်ငွေနှင့်ကိုယ် ကစားရင် မုချ နိုင်မယ်လို့လည်း ကျွန်တော် ထင်တယ်၊ ကျွန်တော့် လက်ထဲ ငွေ ရှိရင် ခင်ဗျား လိုသလောက် ချေးပေးပါ့မယ်'

ပိုလီနာ၏ မျက်နှာမှာ ခက်ထန် မာကျောလာသည်။

'ဒီလို အကြံပေးတဲ့ အတွက် ခင်ဗျား ကျွန်တော့်ကို စိတ်မဆိုးပါနှင့်ဗျာ' ကျွန်တော်က စကားကို ပြန်ဆက်ပြီး ချော့လိုက်သည်။ 'အဲဒီလို ကျွန်တော်က ခင်ဗျားကို ငွေချေးရတယ် ဆိုလို့လည်း ကျွန်တော်က ဘာကောင်မှ ဖြစ်မသွား ပါဘူး၊ ခင်ဗျားပိုင် ငွေတွေကို မရှုံးစေချင်လို့ ပြောတာပါဗျာ၊ ကျွန်တော့်ဆီက လက်ဆောင်ဟာ ခင်ဗျားကို ရန်စသလို မဖြစ်ဘူး ဆိုရင်ပေါ့လေ'

ကျွန်တော့် စကားကြောင့် ပိုလီနာသည် ကျွန်တော့် မျက်နှာကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူ့စိတ်ထဲတွင် ကျွန်တော်က တစ်စုံတစ်ခုသော မျှော် လင့်ချက်နှင့် လှည့်ပတ် ပြောဆိုနေခြင်း ဖြစ်သည်ဟု ထင်မှတ်သွားလေသလား မသိ၊ ကျွန်တော့် စကားကို ဖြတ်ပြောလေသည်။

'ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ ရှင့်လို လူကို စိတ်ဝင်စားစရာ အကြောင်း မရှိပါဘူး၊ ရှင် သိချင်ရင်လည်း ပြောရမှာပေါ့၊ ကျွန်မမှာ အကြွေးတွေ ရှိနေ တယ်ရှင့်၊ အကြွေးတွေ ပေးစရာ ရှိနေတယ်၊ ဒီကြွေးတွေကို ကျွန်မ ပြန်ဆပ် ချင်တယ်၊ ကျွန်မ စိတ်ထဲမှာလည်း ဒီမှာ ဖဲကစားလို့ရှိရင် နိုင်ကို နိုင်ရမယ်လို့ လည်း ထူးထူးခြားခြား စိတ်ဖြစ်နေတယ်၊ ဘာကြောင့်လဲတော့ ကျွန်မ နားမလည်

mgyoe.com

mgyoe.com SAMPLE BOOK

ဘူး၊ ဒါပေမဲ့ ဖဲကစားရင် နိုင်မယ်လို့ပဲ ကျွန်မ ယုံကြည်နေတယ်၊ အို ကုန်ကုန် ပြောရလို့ရှိရင် ကျွန်မမှာ တခြား ငွေရစရာ နည်းလမ်း မရှိလို့လည်း ဒီအတိုင်း ယုံကြည်တာရှင့်၊ ကဲ သိပြီလား'

'ကျွန်တော် နားလည်ပါပြီ ပိုလီနာ၊ ကျွန်တော် နားလည်ပါပြီ၊ ခင်ဗျားမှာ နိုင်ကို နိုင်မှ ဖြစ်မယ့် အခြေအနေ ဆိုတာလည်း ကျွန်တော် သဘောပေါက်ပါပြီ၊ တကယ်တော့ ရေနစ်သူဟာ အကူ ရမယ် ထင်ရင် ကောက်ရိုးမျှင်ကိုလည်း လှမ်းဆွဲတတ်ကြတာပဲ၊ ဒါပေမဲ့ ရေမနစ်တဲ့ အခါမျိုးမှာတော့ ဘယ်သူမှ ကောက်ရိုးမျှင်ကို သစ်ကိုင်းလို့ မထင်တတ်ကြဘူးပေါ့ဗျာ'

ကျွန်တော့် စကားကြောင့် ပိုလီနာ အတော် အံ့သြသွားလေသည်။ မျက်လုံးဝိုင်းကလေးများ အတွင်း မျက်ရည်စများ ရွှန်းကာ ကျွန်တော့်ကို ငေးကြည့်နေရှာပြန်သည်။

'ဒါဖြင့် ဘာဖြစ်လို့ ရှင်ဟာ လွန်ခဲ့တဲ့ နှစ်ပတ်လောက်တုန်းကတော့ ရှင် ဖဲကစားရင် နိုင်မှာပဲ၊ နိုင်မှာပဲနှင့် ကျွန်မကို ပြောပြောနေခဲ့တာလဲ၊ ရှင် နောက်ပြောင် ပြောခဲ့တာလား၊ နောက်ပြောင်ခဲ့တယ် ဆိုရင် ရှင် ဒီလောက် စိတ်ပါလက်ပါ ပြောခဲ့မှာ မဟုတ်ဘူး'

'မနောက်ပါဘူး၊ ကျွန်တော် စိတ်ရင်း အတိုင်း ပြောခဲ့တာပါပဲ၊ ခုထိလည်း ကျွန်တော် နိုင်ကို နိုင်ရမယ်လို့ ယုံကြည်တုန်း ရှိပါသေးတယ်၊ ကျွန်တော် အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော် ဒီလောက် ဟောဟောရမ်းရမ်း လုပ်ပြီး မရှုံးသင့်ဘဲ ရှုံးခဲ့တာတောင် ခင်ဗျားက ကျွန်တော့် အပေါ် သံသယ မဖြစ်ဘဲ နေနိုင်တာပဲ ကျွန်တော် အံ့သြနေမိတယ်၊ ခုလည်း ကျွန်တော် ယုံကြည်နေသေးတယ်၊ ကိုယ့်ပိုက်ဆံနှင့် ကိုယ် ကစားရင် နိုင်မှာပဲလို့'

'ရှင် ပြောပုံက သေချာလွန်းလှချည်ကလား'

'ဟုတ်ပါတယ်၊ ဘာကြောင့် သေချာပေါက် ပြောနိုင်သလဲလို့ မေးရင်တော့ ကျွန်တော် မဖြေတတ်ဘူး၊ ဒါပေမဲ့ သေချာပေါက် နိုင်မယ် ဆိုတာတော့ ကျွန်တော် ပြောရဲတယ်၊ ကျွန်တော် နိုင်ကို နိုင်ရမယ်၊ ဒီအတိုင်း ကျွန်တော် ယုံကြည်နေတာပဲ ရှိတယ်'

'ကဲ၊ ဒီတော့ ရှင်လည်းပဲ ဒီလောက် သေချာပေါက် ယုံကြည်ထားတော့ ကာ ရကို ရရမှာပဲပေါ့၊ ဟုတ်လား'

'ကျွန်တော် လောင်းရဲတယ်၊ ခင်ဗျားက ကျွန်တော့်ကို ဘာမဆို လိုချင်တာ ရအောင် လုပ်နိုင်တဲ့ သတ္တိ ရှိတယ် မထင်ဘူး မဟုတ်လား'



mgyoe.com

mgyoe.com SAMPLE BOOK

'ကျွန်မ ဒီလို မဆိုလိုပါဘူး၊ အေးလေ၊ ရှင်က လောင်းချင်သပ ဆိုလည်း လောင်းတာပေါ့၊ ရှင်ဟာ ဘာဖြစ်လို့များ ဒီလောက်တောင် ငွေလိုချင်နေရသလဲ ဆိုတာ ကျွန်မ သံသယ ဖြစ်မိတယ်၊ ရှင့်မလည်း အခက်အခဲ တစ်ခုခုတော့ ရှိမှာပေါ့၊ ရှင်ဟာလေ တကယ်တော့ နည်းနည်းမှ စိတ်မချရတဲ့ လူပဲ၊ သိပ် အပြောင်းအလဲ များတာပဲ၊ ရှင် ဘာအတွက် ဒီလောက် ငွေကို အငမ်းမရ လိုချင် နေရတာလဲဟင်၊ အရင်နေ့တွေတုန်းက ရှင် ပြောခဲ့တဲ့ စကားတွေထောက်တော့ ရှင့်မှာ ဒီလောက်တောင် ငွေလိုချင်ရတဲ့ အကြောင်းလည်း ကျွန်မ မတွေ့ရဘူး'

'နေပါဦး၊ နေပါဦး၊ စကား ဖြတ်ပြီး ပြောရဦးမယ်၊ ခင်ဗျားက ပြောတယ် မဟုတ်လား၊ ခင်ဗျားမှာ ကြွေးတွေ ဆပ်စရာ ရှိတယ်ဆို၊ ဒီကြွေးတွေဟာ ဘာ ကြွေးတွေလဲ၊ ကျွန်တော် ထင်ပါတယ်၊ ခင်ဗျားတို့ ဟိုပြင်သစ်ကို ပေးစရာ ရှိတဲ့ အကြွေးပဲ မဟုတ်လား'

'ဘာ၊ ရှင် ဘယ်လို မေးလိုက်တာလဲ၊ ရှင် တော်တော် မခန့်လေးစား စကား ပြောနေပါကလား၊ ဒီနေ့ ရှင် ဘယ်လို ဖြစ်နေတာလဲ၊ ရှင် အရက် မူးလာ သလား'

'ဒီမှာ ပိုလီနာ၊ ခင်ဗျားလည်း သိပါတယ်လေ၊ ကျွန်တော်ကတော့ ခင်ဗျား နှင့်ဆို ဘာမဆို လွတ်လွတ်လပ်လပ် ပြောနိုင်ခွင့် ရှိတယ် ထင်တာပဲ၊ တစ်ခါ တစ်ခါကျတော့လည်း ကျွန်တော် မေးတဲ့ မေးခွန်းတွေဟာ ဘွင်းဘွင်းနှင့် တဲ့တိုး ကျလွန်းပါတယ်၊ ပြောဖူးတဲ့ စကားကိုပဲ ထပ်ပြောရဦးမယ် ဆိုရင် ကျွန်တော် ဟာ ခင်ဗျားရဲ့ ကျွန်တစ်ယောက်ပါဗျာ၊ ကျွန်နှင့် သခင် ဆက်ဆံကြရာမှာ သခင် က ကျွန်ကို ဘာပြောပြော ဘယ်သူကမှ အပြစ် ဆိုမှာလည်း မဟုတ်ဘူး၊ တား ဆီးကြမှာလည်း မဟုတ်ပါဘူး၊ ကျွန် ပြောတာကိုလည်း သခင်က ဗွေယူရိုး ထုံးစံ မရှိပါဘူးဗျာ'

'ရှင် ဒီ ကျွန်ဆိုတဲ့ စကား မသုံးစမ်းပါနှင့်၊ ရှင့် ကျွန်ဝါဒကြီးကို ကျွန်မ မကြားချင်ဘူး'

'ဟုတ်ကဲ့၊ ခင်ဗျား နားမခံသာဘူး ဆိုရင် ကျွန်တော် မပြောတော့ပါဘူး၊ ပြောစရာလည်း မလိုပါဘူးလေ၊ ကျွန်တော်ကိုက ခင်ဗျားကျွန် ဖြစ်ချင်နေတာပဲ၊ ကိုယ့်ရဲ့ ကျွန် အဖြစ်ကို မကျောပ်တိုင် တက်ပြနေစရာ မလိုပါဘူး'

'ဒါတွေ ထားစမ်းပါ၊ ကျွန်မ မေးတာသာ ရှင် ရိုးရိုး ဖြေရင် ပြီးတာပဲ၊ ရှင် ဘာအတွက် ငွေ ဒီလောက် လိုချင်နေတာလဲ၊ ကျွန်မ မေးခွန်းက ရှင်းရှင်း ကလေးရယ်'

mgyoe.com

mgyoe.com SAMPLE BOOK

'မှန်ပါတယ်၊ ဒါဖြင့် ကျွန်တော်ကလည်း ပြန်မေးရဦးမယ်၊ ခင်ဗျားကကော ဘာကြောင့် ဒီကိစ္စကို ဒီလောက်တောင် သိချင်နေရတာလဲ'

'အို တော်ပြီ၊ တော်ပြီ၊ ရှင်ဟာ သိပ် လက်ပေါက် ကတ်တာပဲ၊ ရှင့် သဘောပဲ'

သူသည် သူ့မာနကို မချဘဲ ခေါင်းကို ခါယမ်းပြီး ခပ်မာမာ ဆိုလိုက်သည်။

'ကဲ ကြည့်ပါဦး၊ ခင်ဗျားက ပြောတော့ ကျွန်ုပ်ဝါဒကို မကြားချင်ဘူးတဲ့၊ ဒါပေမဲ့ တစ်ချိန်လုံး ခင်ဗျား မေးနေတာတွေက ကျွန်တစ်ယောက်ကို မေးသလို ချည်းပါ၊ ငါ မေးတာပဲ ပြော၊ နင် ပြောချင်တာ မပြောနှင့် ဆိုတဲ့ အမူအရာတွေ ချည်းပါလားဗျာ၊ ရှိပါစေတော့လေ၊ ခင်ဗျား သဘောထား အပေါ် ကျွန်တော် ဘာ တစ်ခွန်းမှ မဝေဖန်ချင်ပါဘူး၊ ခင်ဗျားက ကျွန်တော် ငွေလိုချင်ရတဲ့ အကြောင်း ကို မေးတယ်၊ အဲဒါ ဘယ်လိုများ ခင်ဗျား မေးလိုက်တာပါလိမ့်၊ ငွေ ပဲဗျာ၊ ငွေ ငွေ ငွေဟာ ဘာမဆို ဖြစ်နိုင်တာပဲဟာ၊ ငွေလိုချင်တာပေါ့'

'ငွေဟာ ဘာမဆို ဖြစ်နိုင်တယ်၊ ဟုတ်တယ်၊ ဒီသဘောကို ရှင် မပြောဘဲ နှင့်လည်း ကျွန်မ သိနိုင်ပါတယ်၊ ဒါပေမဲ့ အကြောင်းမဲ့ ငွေကို ငတ်ကြီးကျတဲ့ အဖြစ် မရောက်ဖို့ ကျွန်မ ပြောတာရှင့်၊ ငွေလိုချင်တယ် ဆိုကတည်းက အင်မတန် အရေးကြီးတဲ့ ကိစ္စ တစ်ခုခု ရှိလို့ လိုချင်တာပဲ ဖြစ်ဖို့ ကောင်းတာပေါ့၊ ရှင် စကား ပြောတာဟာ လိုရင်းကို တစ်ချက်မှ မရောက်သေးဘူး၊ ဖြန်းသန်းပြီး ဟိုဟိုဒီဒီ ဝါးလုံး ချေးသုတ် ပြောမနေပါနှင့်'

ပြောရင်းက သူ့မျက်နှာတွေ နီလာသည်။ စိတ်မရှည်တော့သည့် အတွက် ဒေါသရိပ်များလည်း သူ့မျက်နှာပေါ်တွင် လွှမ်းမိုးလာသည်။ သည်လို သူ ဒေါ်ပွ လာသည်ကိုပင် ကျွန်တော်က ကြည့်ပြီး ကျေနပ်မိသည်။ သူ ဆူဆူပူပူ ဖြစ်လာ သည်ကို ကျွန်တော် ကြည့်မြင်ချင်သည်။

အတန်ကြာမှ လေအေးကလေးနှင့် ကျွန်တော်က ဖြေလိုက်သည်။

'အကြောင်းကိစ္စကတော့ ရှိတာပေါ့ဗျာ၊ အကြောင်း ရှိပေမဲ့ ဒီအကြောင်း ကို ကျွန်တော် ရှင်းမပြတတ်ဘူး၊ ဘယ်လို ပြောရမှန်းလည်း မသိဘူး၊ ခင်ဗျား နားလည်အောင် ဘယ်လို ပြောရပါ့မလဲ၊ အမှန်ကတော့ ဒီလိုပါ၊ ကျွန်တော့် အထင် ကျွန်တော့် လက်ထဲမှာ ငွေ လုံလုံလောက်လောက် ရှိနေရင် ခင်ဗျား အတွက် ကျွန်တော်ဟာ အရင်ကနှင့် မတူတဲ့ လူတစ်ယောက်များ ဖြစ်လာမလား လို့ပါ'



mgyoe.com

mgyoe.com SAMPLE BOOK

'ဘယ်လို'

'ကဲ၊ ခင်ဗျား နားမလည်တော့ဘူး မဟုတ်လား'

'နားမလည်ရင် နားလည်အောင် ပြောပေါ့'

'အဲဒါ ခက်တာပဲ၊ နားလည်အောင် ဘယ်လိုလုပ် ပြောရမလဲ၊ ရှင်းရှင်း ပြောရရင် ကျွန်တော်ဟာ အရင်ကနှင့် မတူတဲ့ လူတစ်ယောက်များ ဖြစ်လာမလား ဆိုတာ ကျွန်တော် ပြောချင်တာက အဲဒါပဲ၊ သဘောကတော့ ငွေ ရှိရင် ကျွန်ဘဝကများ လွတ်မြောက်မလားလို့ဗျို့၊ ကဲ ရှင်းပြီလား'

'ဘာ၊ ဘယ်လို ဖြစ်မယ်'

'ဘယ်လို ဖြစ်မယ် ဟုတ်လား၊ ဘယ်လို ဖြစ်မယ် ဆိုတာ ခင်ဗျား နားမလည်ဘူး ဟုတ်လား၊ ကျွန်တော့်ကို ခင်ဗျား မျက်စိထဲမှာ ကျွန်တစ်ယောက်လို မြင်နေအောင် ကျွန်တော် ဘယ်လို လုပ်ခဲ့တယ် ဆိုတာလည်း ခင်ဗျား နားမလည်ဘူး မဟုတ်လား၊ ကောင်းပါတယ်၊ နားမလည်တာကို ကျွန်တော် မအံ့သြဘူး၊ ကျေနပ်ပါတယ်'

'ရှင်က ကျွန် ဖြစ်ရတာ ကျေနပ်တယ်၊ ကျေနပ်တယ် ပြောနေတယ်၊ မဟုတ်ဘူးရှင့်၊ အဲဒါ ရှင် မဟုတ်ဘူး၊ တကယ်တော့ ကျွန် အဖြစ်ကို နှစ်သိမ့်ကျေနပ်နေတာက ရှင် မဟုတ်ဘူး၊ ကျွန်မ.. ကျွန်မ သိရဲ့လား'

'ခင်ဗျာ၊ အဲဒါ ခင်ဗျား ဟုတ်လား၊ အိုဗျာ၊ ကြားရတာ နားဝမှာ ဘယ်လို ရှိပါလိမ့် ဆိုရမလို ဖြစ်နေဘိကောဗျာ၊ ဟုတ် ဟုတ်ပါတယ်၊ ကျွန် အဖြစ်မှာ ခင်ဗျားလည်း ကျေနပ်တယ်၊ မှန်တယ် ပိုလီနာ၊ မှန်တယ်၊ လောကမှာ ခြေသုတ်ပုဆိုး မြွေခွယ်ကျိုးလို နေတာဟာ အချမ်းသာဆုံးပဲ'

သူ့စကားကြောင့် ကျွန်တော့် တစ်ကိုယ်လုံး သိမ့်သိမ့်ခါမျှ ဖြစ်ရသည်။ ဝမ်းနည်းသည်က တစ်ဝက်၊ ဝမ်းသာသည်က တစ်ဝက်နှင့် ရင်တွင်း ဝေဒနာ မရေမရာကြောင့် ကျွန်တော့် ကိုယ်ကို ကျွန်တော် မထိန်းနိုင်။ စကားလုံးတွေက လည်း မပီမသ မပြတ်မသားနှင့် အိုးတိုးအတ ဖြစ်ကုန်ကြသည်။

အတန်ကြာအောင် စောင့်ပြီးမှ လှုပ်ယမ်းသွားသော မိမိ စိတ်ကို ထိန်းကာ ပြောလိုက်ရသည်။

'မနေ့က ခင်ဗျား ရှေ့မှာ ဗိုလ်ချုပ် ပြောသွားတဲ့ စကားတွေကို ခင်ဗျား မှတ်မိမှာပေါ့၊ တစ်နှစ်ကို ရူဘယ် ခုနစ်ရာ ပေးဖို့ ကိစ္စလေ၊ ကျွန်တော်လည်း တကယ့် တကယ် ရတာ မဟုတ်ဘဲနှင့်ဗျာ၊ ဗိုလ်ချုပ် ပြောတုန်းက မာကွစ် ဒီဂရစ်က မျက်ခုံးကြီး ပင့်ပြီး ကျွန်တော့်ကို တစ်ချက် ကြည့်သေးတယ်၊ မကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

တတ်လို့ပေါ့ဗျာ၊ ကျွန်တော့် စိတ်ရှိတိုင်းသာ လုပ်လိုက်ရရင်တော့လား၊ ဒီကောင်ကြီးကို လူရှေ့မှာ နား ဆွဲပြီး ပါးရိုက်ပစ်ချင်တာ'

'ဒီလို ကိုယ့်ကိုယ်ကိုယ် တန်ဖိုး မထားတဲ့ စကားတွေ မပြောစမ်းပါနှင့်၊ ဘယ်ဘဝ ဘယ်အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် သိက္ခာနှင့် သမာဓိနှင့် ဆောင်ရွက်တာ အကောင်းဆုံးပဲ၊ တစ်ဖက် အားပြိုင် တိုက်ခိုက်လာရတဲ့ အခါကျရင် အဲဒီလို လုပ်တာဟာ ကိုယ့်ဘက်က အားကို ဆုတ်ယုတ်အောင် လုပ်တာ၊ ဒါမျိုးမှာ နှိမ့်ချစရာလည်း မလိုဘူး'

'ခင်ဗျား ပြောတာတွေက စာအုပ်ကြီး အတိုင်း ပြောနေတာပဲ၊ ခင်ဗျားက ကျွန်တော်ဟာ သိက္ခာ ရှိရှိ မဆောင်ရွက်တတ်ဘူး ထင်နေတယ်၊ ကျွန်တော့်မှာ ကိုယ်ကျင့်တရားနှင့် ဂုဏ်ရွေ သိက္ခာတော့ ရှိပါရဲ့၊ ဒါပေမဲ့ သိက္ခာ ရှိအောင်တော့ တမင်တကာ မလုပ်တတ်ဘူးလို့ ခင်ဗျား ထင်တာ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ရုရှား လူမျိုးတိုင်းဟာ ဒီအတိုင်းချည်းပဲ၊ ဒါ ဘာဖြစ်လို့လဲ ခင်ဗျား သိရဲ့လား၊ ဘာဖြစ်လို့လဲ ဆိုတော့ ရုရှား လူမျိုးမှာ အကျင့် သီလနှင့် ပတ်သက်ပြီး တမင်တကာ လုပ်ယူစရာ ဘာမှ မလိုဘူး၊ လူတွေရဲ့ အမူအကျင့်နှင့် ပတ်သက်တဲ့ ထုံးတမ်း အစဉ်အလာတွေက အဘက်ဘက်က ပြည့်ပြည့်စုံစုံ ရှိတယ်၊ ရုရှားတွေမှာ လိုတာက ထူးချွန်မှုပဲ၊ ထူးချွန်တဲ့ ပါရမီ ဆိုတာကတော့ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စမျိုးပဲဟာကိုး၊ အေး၊ ပြင်သစ်တွေနှင့် တခြား ဥရောပသားတွေမှာတော့ ခင်ဗျား ထင်သလို အင်မတန် မဟာဆန်တဲ့ အမူအရာ အကျင့် သိက္ခာတွေကို လုပ်ယူတာမျိုး ရှိကြတာ အမှန်ပဲ၊ ဒါပေမဲ့ ခင်ဗျား သိစေချင်တာကတော့ ဒီ လူတွေ စာရိတ္တဗလဘက်ကတော့ အင်မတန် သိမ်ဖျင်းတယ်၊ အားနည်းတယ်၊ ကာယိန္ဒြေ စောင့်စည်းတဲ့ သံဝရ သီလ ဆိုသလို ပင်ကို သဘာဝ အတိုင်း ဘာ တစ်ခုမှ မရှိဘူးဗျ၊ အပေါ်ယံကြောတွေ အကာတွေကတော့ များပါရဲ့၊ အနှစ်သာ မရှိရင် ရှိရမယ်၊ အဲဒီလို အပေါ်ယံ ရွှေမှုန်ကြဲတွေက ကောင်းလွန်းလို့လည်း ကျွန်တော်တို့ ရုရှား အမျိုးသမီးတွေဟာ ပြင်သစ်တွေဆီ ကျကြတာပေါ့၊ ဒါပေမဲ့ ဒီအဖြစ်တွေကို ကျွန်တော် နားလည်လို့ ပြောတာတော့ မဟုတ်ပါဘူး၊ ကျွန်တော်ဟာ မိန်းမ မဟုတ်တော့ ဘယ်နားလည်မလဲလေ၊ အိုဗျာ၊ ကျွန်တော် ဘာတွေ အဓိပ္ပာယ် မရှိတာတွေ ပြောနေမိသလဲ မသိပါဘူး၊ ကျွန်တော် စိတ်ကူးပေါက်ရာ လျှောက်ပြောနေတာ ခင်ဗျားကလည်း မတားဆီးဘူး၊ အမှန်တော့ ခင်ဗျားနှင့် တွေ့ရင် ကျွန်တော့် ရင်ထဲမှာ ပြောချင်တာတွေက အဆမတန် ဖြစ်ဖြစ်လာတယ်၊ အားလုံး ပြောချင်တယ်၊ အားလုံး အားလုံး ဘာမှ ချန်မထားချင်ဘူး၊ ဘာမှလည်း

mgyoe.com

mgyoe.com SAMPLE BOOK

ထိန်းချုပ်မထားချင်ဘူး၊ တကယ်တော့ ကျွန်တော့်မှာ ဘာသိက္ခာ ဘာသီလမှ လည်း မရှိတော့ဘူး၊ ကိုယ့်ကိုယ်ကိုယ်လည်း ဘာကောင်မှန်းတောင် မသိတော့ဘူးဗျ၊ ခုတော့ ကျွန်တော့် ဘဝဟာ ပိန်းပိတ်လို့ မှောင်နေပြီ၊ ကမ္ဘာပေါ်မှာ ဘာတွေ ဖြစ်လို့ ကိုယ့်ဇာတိ ရှုရှားပြည်ကြီးမှာ ဘာတွေ ဖြစ်လို့ ဖြစ်နေမှန်းလည်း ကျွန်တော် နားမလည်တော့ဘူး၊ ဒီအရပ်ကို လာတုန်းက ဒရက်စဒင်ကို ဖြတ်လာခဲ့တာပဲ၊ ဒါပေမဲ့ ဒရက်စဒင် ဆိုတာ ဘယ်လိုမှန်းလည်း ကျွန်တော် တွေးလို့တောင် မရတော့ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ဗျာ၊ ကျွန်တော်ဟာ ခင်ဗျား မျက်စိထဲမှာတော့ ဘာမှ အသုံးမကျတဲ့ အကောင် တစ်ကောင် ဖြစ်မှာပဲ၊ ကျွန်တော့် အဖို့မှာသာ ဘယ်အခါမှာပဲ ဖြစ်ဖြစ် ဘယ်နေရာမှာပဲ ဖြစ်ဖြစ် ခင်ဗျားဟာ ကျွန်တော့် မျက်စိထဲ ကျွန်တော့် ဦးနှောက်ထဲကကို မထွက်တော့ဘူး၊ ခင်ဗျားကို ကျွန်တော်‥ ကျွန်တော် သိပ်ချစ်တယ် ပိုလီနာ၊ သိပ်ချစ်တယ်၊ ဘာကြောင့် ချစ်ခဲ့ရတယ် ဘယ်လို ချစ်ခဲ့ရတယ် ဆိုတာတွေလည်း ကျွန်တော် မပြောတတ်ဘူး၊ နားလည်း မလည်ဘူး ပိုလီနာ၊ တကယ် ဆိုရင် ခင်ဗျားဟာ ကောင်းလေမလား ဆိုးလေမလား ဆိုတာလည်း ကျွန်တော် မဝေခွဲတတ်ဘူး၊ ခင်ဗျားမှာ ကြင်နာတတ်တဲ့ အသည်းနှလုံး မရှိဘူး ဆိုတာရယ် ခင်ဗျား စိတ်က ဘာမဆို လျစ်လျူရှုနိုင်တယ် ဆိုတာတွေကိုတော့ ကျွန်တော် နားလည်ပါတယ်'

'ဩော်၊ ဒါကြောင့် ရှင်က ကျွန်မကို ငွေနှင့် ဝယ်ယူဖို့ ကြံစည်နေတာပေါ့လေ'

ပိုလီနာက မခံချိ မခံသာ မေးလိုက်သည်။

'ဟာ၊ ဘယ်တုန်းကများ အချစ်ကို ကျွန်တော်က ငွေနှင့် ဝယ်ဖို့ ကြံစည်ခဲ့ဖူးလို့လဲ ပိုလီနာရယ်'

'ရှင် ပြောခဲ့တဲ့ စကားတွေကို ကြည့်စမ်း၊ ရှင့်ဟာရှင် ဘာပြောလို့ ပြောခဲ့မှန်းတောင် မသိတော့ဘူး မဟုတ်လား၊ ကျွန်မကို ရှင်က ငွေနှင့် ဝယ်ဖို့ ကြံစည်တာ မဟုတ်တောင်မှ ကျွန်မရဲ့ လေးစားမှုကို ရှင်က ငွေနှင့် ဝယ်ရမယ် ထင်နေတာကိုး'

'အို မဟုတ်ဘူး၊ မဟုတ်ဘူး ပိုလီနာ၊ ခင်ဗျား ထင်သလို မဟုတ်ရပါဘူး ပိုလီနာရယ်၊ ခင်ဗျားကို ကျွန်တော် ပြောခဲ့သားပဲ၊ ကျွန်တော် ရှင်းမပြတတ်ပါဘူးလို့၊ ခင်ဗျားဟာ ကျွန်တော့် ဘဝကို လွှမ်းမိုးနေသူပါ ပိုလီနာ၊ ဒီလို ပြောမိလို့ ကျွန်တော့်ကို စိတ်မဆိုးပါနှင့်နော်၊ တကယ်တော့ ကျွန်တော်ဟာ အရူးပါဗျာ၊ အရူးပါ၊ ဒီအရူး တစ်ယောက်ကို ခင်ဗျား စိတ်မဆိုးသင့်ပါဘူး၊ တကယ်လို့

mgyoe.com

mgyoe.com SAMPLE BOOK

ခင်ဗျားက စိတ်ဆိုးမယ် ဆိုဦးတော့ ကျွန်တော် ဝမ်းမနည်းဘူး၊ ဂရုလည်း မစိုက်ဘူး၊ ခင်ဗျားကကော ဘာ စိတ်ဆိုးစရာ ရှိသလဲ၊ ကျွန်တော့်ကိုယ် ကျွန်တော် ခင်ဗျားရဲ့ ကျေးကျွန် ခေါ်တာကို ဘာ စိတ်ဆိုးစရာ ရှိသလဲ၊ ကျွန်တော်ဟာ ခင်ဗျားရဲ့ ကျေးကျွန်မို့ ကျွန်လိုပဲ အသုံးချလိုက်စမ်းပါ ပိုလီနာရယ်၊ အသုံးချလိုက်စမ်းပါ၊ ခင်ဗျား သိရဲ့လား၊ တစ်နေ့ကျရင်လေ ခင်ဗျားကို ကျွန်တော် သတ်ရလိမ့်မယ်၊ သတ်ရလိမ့်မယ် ပိုလီနာ၊ သတ်ရတာဟာလည်း ချစ်ခွင့် မရလို့ ချစ်သဝန်ကြောင်လို့ မဟုတ်ဘူး၊ ခင်ဗျားကို လက်လွှတ် မခံနိုင်လို့ဘဲ ပိုလီနာ၊ ခင်ဗျား ရယ်ချင်တယ် မဟုတ်လား၊ ရယ်ပါဗျာ၊ အားရပါးရ ရယ်လိုက်စမ်းပါ'

'မရယ်ပါဘူး၊ ကျွန်မ မရယ်ပါဘူး၊ ရှင့်ပါးစပ်ကို ပိတ်ထားပါလို့ပဲ ကျွန်မ ပြောချင်တယ်'

ပိုလီနာသည် ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး မတုန်မလှုပ် ကျောက်ရုပ်ကြီးလို ငြိမ်သက်နေလေသည်။ သူ့တစ်ကိုယ်လုံးမှာ ဒေါသဖြင့် တဆတ်ဆတ် တုန်ခါနေ၏။

သူ သည်လို ဖြစ်သောကြောင့် ကျွန်တော့် စိတ်ထဲတွင် ဘယ်လိုမှ မမှတ်။ ကျွန်တော် ပြောလိုက်သည့် စကားတွေကြောင့် ကျွန်တော့် ရှေ့တွင် သူ ယခုလို မခံချိ မခံသာ ဖြစ်နေသည်ကိုပင် ကျွန်တော်က အရသာ ခံ၍ ကြည့်နေချင်သည်။

ပိုလီနာသည် သူ့လက်သီးကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး မောနေသော ရင်ကို ဖွင့်ထုတ်လိုက်သည်။

'ဘယ်လောက် စိတ်ပျက်စရာ ကောင်းလိုက်သလဲလို့'

သူ့စကားက မဆုံးဘဲ ရပ်သွားလေသည်။

'ကျွန်တော်ကတော့ ဂရုမစိုက်ပါဘူး၊ ဒီမှာ ပိုလီနာ၊ ခင်ဗျားနှင့် ကျွန်တော် နှစ်ယောက်တည်း ခုလို လမ်းလျှောက် ထွက်လာတာ ခင်ဗျား အတွက် ဘယ်လောက် ဘေးရန် များတယ် ဆိုတာကော ခင်ဗျား ရိပ်စားမိရဲ့လား၊ တစ်ခါ တစ်ခါ ကျွန်တော့် စိတ်ထဲမှာ ခင်ဗျား တစ်ကိုယ်လုံးကို စိတ်ရှိတိုင်း မုန်းပစ်လိုက်ချင်တယ်၊ ခင်ဗျားရဲ့ အပျိုရည် ပျက်သွားအောင် လုပ်ပစ်လိုက်ချင်တယ်၊ ဒီဆန္ဒတွေဟာ တကယ့် တကယ် ဖြစ်မလာဘူးလို့ ခင်ဗျား ထင်သလား၊ ခင်ဗျားဟာ ကျွန်တော့်ကို ဦးနှောက်ခြောက်တဲ့ ရောဂါ စွဲအောင် လုပ်နေတာ၊ ကျွန်တော် သွက်သွက်ခါသွားအောင် လုပ်နေတာ၊ ခင်ဗျား စိတ်ထဲမှာ ကျူပ်ကို မကျူးကျော်ရဲဘူး ထင်သလား၊ အပြစ် ကြောက်နေတယ် ထင်သလား၊ ခင်ဗျားက ဘာကို စိတ်ဆိုးတာလဲ၊ စိတ်ဆိုးလို့လည်း ဘာအကြောင်းထူးမလဲ၊ ကျွန်တော် ချစ်တာ

mgyoe.com

mgyoe.com SAMPLE BOOK

ဟာ ဘာမှ မျှော်လင့်ချက်ထားတဲ့ အချစ် မဟုတ်ဘူး သိရဲ့လား၊ ခင်ဗျား ဘဝကို ကျွန်တော် ဆုတ်ခြေပစ်လိုက်ရပြီးရင် ခုထက် အဆ တစ်ထောင် ပိုပြီး ချစ်မိဦးမှာပဲ၊ ခင်ဗျားကို သတ်မိပြီ ဆိုရင်လည်း ဒီလောကထဲမှာ ကျွန်တော် တစ်ယောက်တည်း ဆက်မနေဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော် သတ်သေလိုက်မှာပဲ၊ ခင်ဗျား မရှိတဲ့ နောက်ပိုင်းမှာ ခံစားရမယ့် အသည်း ကျွမ်းတဲ့ ဝေဒနာကြီးကို ပိုက်ပြီးတော့ဖြင့် ကျွန်တော် အသက် မရှင်ချင်ပါဘူး၊ ဒီမှာ ပိုလီနာ၊ တစ်နေ့ထက် တစ်နေ့ ခင်ဗျား အပေါ်မှာ ပိုလို့သာ ချစ်ခဲ့ရတယ် ပိုလီနာ၊ ဒီ ချစ်တဲ့ စိတ်တွေကို သိုသိပ်ပါ ဆိုလို့လည်း ဘယ်နည်းနှင့်မှ မရတော့ဘူး၊ ဒီတော့ ဘယ်လိုပြောပေမဲ့ ခင်ဗျားကို သတ်ဖို့ ဆိုတာ ဘယ့်နှယ် ဖြစ်နိုင်ပါ့မလဲ၊ မှတ်မိသေးလား ပိုလီနာ၊ ရှလန်ဂျင်ဘတ် တောင်စောင်းကနေ ရှင် ခုန်ချတာ ကျွန်မ ကြည့်ချင်လိုက်တာလို့ တကယ်လို့ ခင်ဗျားက ဆိုခဲ့ရင် ကျွန်တော် ချက်ချင်း ခုန်ချခဲ့မိမှာပဲ ဆိုတဲ့ စကားလေ၊ ဒီစကားကို ခင်ဗျား ယုံရဲ့လား ပိုလီနာ'

'တော်စမ်းပါ၊ အသုံးမကျတဲ့ အရူး စကားတွေ'

ပိုလီနာက အော်လိုက်လေသည်။

'ရူးတယ် ပြောပြော ကောင်းတယ် ပြောပြော ကျွန်တော် ဂရုမစိုက်ဘူး၊ ကျွန်တော် သိတာ တစ်ခုတည်း ရှိတယ်၊ အဲဒါကတော့ ခင်ဗျားရှေ့ ရောက်ရင် ကျွန်တော်ကတော့ ပြောနေမှာပဲ၊ ဘယ်တော့မှ မပြောဘဲ မနေဘူး၊ ပြောနေမှာပဲ၊ အရှက် မရှိဘူးလို့ ခင်ဗျားက ဆိုချင်လည်း ဆိုဦး၊ ကျွန်တော်ကတော့ ဂရုစိုက်မှာ မဟုတ်ဘူး၊ သိပြီလား'

'ကောင်းပြီ၊ ဒါဖြင့် ရှလန်ဂျင်ဘတ် တောင်ထိပ်က ရှင့်ကို ခုန်ချခိုင်းလို့ ကျွန်မမှာ ဘာအကျိုးထူးများ ခံစားရမှာတဲ့လဲ၊ ပြောစမ်းပါဦး၊ ကျွန်မ အတွက် ဘာမှ အဓိပ္ပာယ် ရှိတဲ့ ကိစ္စ မဟုတ်ဘူး၊ ဘာမှလည်း အသုံးမကျဘူးရှင့်'

'အေး ဟုတ်ပြီ၊ သိပ်ဟုတ်တာပေါ့၊ ကဲ ခု ခင်ဗျား ဒီစကားကို ဆိုပြီ၊ အသုံးမကျဘူးတဲ့၊ ရည်ရွယ်ချက်နှင့် ပြည့်ဝတဲ့ စကားလေ၊ ဟုတ်တယ်၊ လူတွေဟာ သုံးရမှ ကျေနပ်ကြတယ်၊ အသုံးချမှု အပေါ်မှာ သာယာကြတယ်၊ လူရိုင်းတွေလည်း သူ့နည်းနှင့်သူ သာယာတာပဲ၊ တကယ်တော့ လူတွေဟာ သဘာဝအားဖြင့် သက်ဦးဆံပိုင် အာဏာရှင်တွေပဲ၊ တစ်ဖက်သားကို ညှဉ်းပန်း နှိပ်စက်နိုင်သူ အဖြစ်ကိုမှ သာယာကြတယ်'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ရှင် ဒီစကားကိုတော့ မပြောနှင့်၊ ရှင့်အပေါ် ကျွန်မ ယုံကြည်တယ်'



mgyoe.com

mgyoe.com SAMPLE BOOK

'ဘာယုံကြည်တာလဲ'

'ရှင်ဟာ သူရဲဘောကြောင်တဲ့ လူတစ်ယောက် မဟုတ်ဘူးလို့ ယုံကြည်တယ်'

'ဘာလို့လဲ၊ ကြောင်ချင်လည်း ကြောင်မှာပဲ၊ ဒါတော့ ကျွန်တော် မသိဘူး'

'ဆိုပါတော့၊ တကယ်လို့များ ကျွန်မက ရှင့်ကို ဒီလူကို သတ်လိုက်လို့ ခိုင်းရင် ရှင် သတ်ပေးနိုင်မလား'

'ဘယ်သူ့ကိုလဲ'

'ဘယ်သူဖြစ်ဖြစ် ကျွန်မ သတ်စေချင်တဲ့ လူပေါ့'

'ပြင်သစ်လား'

'ရှင် မေးစရာ မလိုဘူး၊ ဘယ်သူဖြစ်ဖြစ် ကျွန်မ သတ်ခိုင်းတဲ့ လူပေါ့၊ ကျွန်မ သိချင်တာက ရှင် ခုပြောတဲ့ စကားတွေဟာ အတည် ပြောတာလား ဆိုတာပဲ သိချင်တယ်' ပိုလီနာသည် သူ့စကား အဆုံးတွင် ကျွန်တော့်ထံမှ လာမည့် ယတိပြတ် အဖြေကို စောင့်နေလေသည်။

'ကဲ ပြောပါ၊ ဘယ်သူ့ကို သတ်ရမလဲ ပြောစမ်းပါ၊ ဘာဖြစ်မလဲ ဆိုတာ ကြည့်ပေါ့' ကျွန်တော်က ယတိပြတ်ပင် ဖြေလိုက်လေသည်။ 'ကဲ ပြောလေ၊ ခုမှ ခင်ဗျားက ဘာကို ကြောက်နေရတာလဲ၊ ကျွန်တော် မြင်နေ ကြားနေရတာတွေ အားလုံးဟာ ဘာတစ်ခုမှ ပြတ်သားမှု မရှိဘူး၊ ခင်ဗျားဟာလည်း အထည်ကြီး ပျက် တဏှာရူး သွပ်ချောင်ချောင် လူကြီးရဲ့ မွေးစား သမီးပဲ၊ ဟို ပြင်သစ်က လည်း ခင်ဗျား အပေါ်မှာ ဘယ်လို လွှမ်းမိုးနေမှန်း မသိဘူး၊ ခင်ဗျားဟာ တကယ့် လောင်းရိပ်မိနေတဲ့ ပန်းပဲ၊ ဆိုစမ်းပါဗျ၊ ပြတ်ပြတ်သားသား ဆိုစမ်းပါ၊ ခင်ဗျား စကား ဆုံးတာနှင့် ကျွန်တော် ဘယ်လို လုပ်ပြလိုက်မယ် ဆိုတာ ခင်ဗျား မြင်ရပါစေ့မယ်၊ ခင်ဗျားက ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောရမှာ ရှက်နေသလား ပိုလီနာ၊ ကျွန်တော်က ခင်ဗျား အပေါ် ဘယ်လို သဘောထား ထား ခင်ဗျားကတော့ ဂရုစိုက်စရာရယ်လို့ မမှတ်ခဲ့ဘူး'

'ရှင့်ကို ဒီစကားတွေ ကျွန်မ တစ်ခွန်းမှ မပြောရသေးဘူး၊ ကျွန်မ မေး ထားတာပဲ ရှိတယ်၊ အဲဒီ အမေး အတွက်လည်း ရှင့်ဆီက အဖြေကိုပဲ စောင့် နေတယ်'

'ကောင်းပြီ၊ အဖြေ ပေးမယ်၊ ခင်ဗျား ပြောပါ၊ ခင်ဗျား ပြောတဲ့ လူကို ကျွန်တော် သတ်ပြမယ်၊ ဒါပေမဲ့ ခင်ဗျား ကျွန်တော့်ကို ဘယ်သူ့ကို သတ်ပြစမ်း လို့ တိတိကျကျ ပြောနိုင်ပါ့မလား'

mgyoe.com